# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုပိမာန်သုံးထပ်အဆောက်အဦတည်ဆောက်ခြင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၉

မြန်မာနိုင်ငံတွင်ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်မည့် စာဆိုပိမာန်အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါမြေနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီးများနှင့် ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ◯*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုပိမာန်အဆောက်အဦ တည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင် စိုက်ထူပေးစဉ်။


**ယနေ့** ဖတ် စ ရာ

**တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ အားကစားနည်းအလိုက် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ** — ပြည်တွင်းသတင်း စာ ၄

**ဟာရီကိန်း မီလ်တန် အဆင့်ငါး မုန်တိုင်းအဖြစ် ဖလော်ရီဒါကိုခြိမ်းခြောက်** — နိုင်ငံတကာသတင်း စာ ၁၃

**အမျိုးသားယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြစို့လေ** — ဆောင်းပါး စာ ၁၅



ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၁၀) ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## ❖ အဆောက်အဦများအား စနစ်တကျ တည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ရနိုင်သလောက် စုဆောင်းထားရှိရန်လို၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့်ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန်လို၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့် ထားရှိသွားရန်လို



❍ *ရွှေဖုံးမှ*

ဦးစွာ အခမ်းအနားမှူးက မင်္ဂလာအခါတော် စာတမ်းကိုဖတ်ကြားပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဇဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် အမျိုးသားစာပေတစ်သက်တာဆုရစာရေးဆရာကြီး၊ ဆရာမကြီးတို့က သတ်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ပန္နက်တော်တင်ကြပြီး ပန္နက်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။

### ရတနာရွှေမိုးငွေမိုးများရွာသွန်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင်မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စာဆိုဗိမာန်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အိန္ဒိယ - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် သုံးထပ်အဆောက်အဦအဖြစ် တည်ဆောက်သွားမည့်အခြေအနေများ၊အဆောက်အဦအား စနစ်တကျတည်ဆောက်နိုင်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများခင်းကျင်းပြသသွားမည့် အခြေအနေများနှင့် ယခင်အဆောက်အဦအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ်ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လမ်းညွှန်မှာကြား



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။

**အမွှေးနံ့သာရည်များပက်ဖျန်း**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဇဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းစဉ်။**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အဦများအား စနစ်တကျတည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ရနိုင်သလောက် စုဆောင်းထားရှိရန်လိုကြောင်း၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့်ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့် ထားရှိသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသည့် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ထည့်သွင်းထားရှိသွားမည်**

အဆိုပါစာဆိုဗိမာန်အဆောက်အဦကို သုံးထပ်အဆောက်အဦအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည်ဖြစ်သည်။

**ပြောင်းရွှေ့ဖြစ်လှစ်သွားမည်**

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အဦ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် **"အမှောင်ခွင်း၍ အလင်းဆောင်အံ့"** ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများအသိဉာဏ်ပညာတိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အဦအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖြစ်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



**သတ်မှတ်နေရာ၌ ပန္နက်တော်တင်**

အမျိုးသား စာပေ တစ်သက်တာ ဆုရ စာရေး ဆရာကြီး သူရဇော်နှင့် အဖွဲ့က သတ်မှတ် နေရာ၌ ပန္နက်တော်တင်စဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ အားကစားနည်းအလိုက် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား ကျင်းပသည်။



၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇေယျာသီရိအားကစားရုံ (B) တွင် ကျင်းပပြုလုပ်ရာ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက လည်းကောင်း ဆက်လက်အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုများနှင့်အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုများ၊ အမျိုးသား/အမျိုးသမီး တတိယဆုရရှိသည့်အသင်းများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ၊ အမျိုးသား/ အမျိုးသမီး ဒုတိယဆုရရှိသည့် အသင်းများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုနှင့် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ် သက်ထွန်းဦးက တစ်ဦးချင်း ဆုတံဆိပ်၊ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ဗိုလ်လုပွဲပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစား ကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများ၊ လက်ထောက်နည်းပြ စွမ်းရည်ပြပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသား/ အမျိုးသမီး အကောင်းဆုံးဆု၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု၊ အားကစားအမျိုးအစားအလိုက် ဒိုင်းဆုများနှင့် ရွှေ ၁၉ ခု၊ ငွေ ၁၂ ခု၊ ကြေးလေးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စွယ်စုံတံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို တပ်မတော်မြန်မာ့သိုင်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ထူးမြတ်တိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအသင်းများ၊ အလွတ်တန်းနှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ (ပထမ) ဒိုင်းဆုရရှိသောကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်း၊ ရွှေ၊ ငွေ၊ ကြေး ဒုတိယ၊ တတိယ အများဆုံးရရှိသည့် အသင်းများနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဒုတိယစစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၉** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၉** မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင်၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် **"သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှား မွန်မြတ်စိတ်ထားတွဲလက်များနှင့် ကူညီထမ်းဆောင်"** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများအသီးသီးပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့အခမ်းအနားသို့တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေကြီးရေလျှံမှု သဘာဝဘေးဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ စေတနာရှင်၊ အလှူရှင် တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ထံ စေတနာရှင်၊ အလှူရှင် တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

- **ရေဘေးသင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များအနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင်လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်**
- **လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်ဘီလီယံ ၅၀ ကျော် ရှိပြီဖြစ်**
- **နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ**

*စာမျက်နှာ ၅ မှ*

ဆက်လက် ပြောကြားရာတွင် ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မှုကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များအနေဖြင့် တတ်နိုင်သရွေ့ လှူဒါန်းခြင်းများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲများ ဆောင်ရွက်ခဲ့ရာတွင် ပထမအကြိမ်၌ ငွေကျပ် ၃၂ ဘီလီယံကျော် ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ရရှိခဲ့ကြောင်း၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့်လည်း အခက်အခဲများကြားမှ လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ထင်မှတ်မထားလောက်သည့် များပြားသော အလှူငွေပမာဏများဖြစ်ကြောင်း၊ ယနေ့တွင်ပြုလုပ်သည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့ စိတ်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လာရောက် လှူဒါန်းပေးကြသည့် အတွက်လည်း စေတနာရှင်၊ အလှူရှင်များအားလုံးကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေများ ကြုံတွေ့ချိန်၌ လူတစ်ဦးချင်းနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအသီးသီးမှလည်း လှူဒါန်းမှုများရှိကြောင်း၊ အလားတူ ဒေသအသီးသီးတွင်လည်း လူမှုရေးအသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ၎င်းတို့အစီအစဉ်ဖြင့် လိုက်လံကူညီလှူဒါန်းပေးနေခြင်းများရှိပြီး ၎င်းတို့လှူဒါန်းသည့် ပစ္စည်းအင်အား၊ ငွေအင်အားများမှာလည်း များပြားကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ကူညီဆောင်ရွက်ပေးနေမှုများ အပေါ်လည်း အသိအမှတ်ပြုကျေးဇူးတင် ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

ယခုဖြစ်စဉ်တွင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအနေဖြင့် ရုတ်တရက် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ချိန်တွင် လက်လှမ်းမီသည့် ရရာပစ္စည်းများကိုသာ ယူ၍ ဘေးလွတ်ရာသို့ ရေဘေးရှောင်ခဲ့ရခြင်းဖြစ်ခြင်းဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက်၊ မိသားစုချင်းစီအလိုက် ပျက်စီးဆုံးရှုံးမှုပမာဏများ များပြားကြောင်း၊ ယခင်နှစ်ပေါင်းများစွာကတည်းက ရေကြီးရေလျှံမှုတစ်ကြိမ်မျှဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်ဒေသများ၌ မျှော်လင့်မထားသည့်ညအချိန်တွင် တောင်ကျရေများ ရုတ်တရက် အရှိန်အဟုန်အလုံးအရင်းဖြင့် စီးဆင်းလာခြင်းကြောင့် အချို့မှာ ရှောင်တိမ်းချိန်မရဘဲ အသက်ဆုံးရှုံးခဲ့ရမှုများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအနက် ပျက်စီးမှုအများဆုံးပင် ဖြစ်ကြောင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ လမ်း၊ တံတားများ၊ လျှပ်စစ်တာဝါတိုင်များလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရကြောင်း။

ရေဘေးသင့်ခဲ့ရသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များအနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင်လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်ဘီလီယံ ၅၀ ကျော် ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အင်းလေးကန်၌ ရေကျဆင်းမှုမရှိသေးကြောင်း၊ အလားတူ လောပိတနှင့် အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှုများပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လုပ်ဆောင်၍မရသေးကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အချိန်ယူ၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ဆည်မြောင်းများအတွင်း ရေများဝင်ရောက်လျက်ရှိခြင်းကြောင့် စိုက်ပျိုးရေအတွက် လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားပါက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ပြည်တွင်း ကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ၏သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းမှာ ပြန်လည်ဖြည့်တင်းရန် ကန့်သတ်ချက်များရှိခြင်းကြောင့် အတတ်နိုင်ဆုံး ထုတ်ယူသုံးစွဲခြင်းကို မပြုလုပ်ခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ Non Trade နှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရငွေများရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နည်းပါးလျက်ရှိခြင်းကြောင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများမြှင့်တင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ကြစေလိုကြောင်း။

ရေဘေးသင့်မှုကြောင့် ယာယီပိတ်ထားရသည့်စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားလိုအပ်သည့် ပရိဘောဂပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းပေးနိုင်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် ၎င်းတို့ ကြုံတွေ့ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း ပြန်လည်ကုစားပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး တွက်ချက်ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းမှုများသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုများပင်ဖြစ်ကြောင်း။

မိမိတို့ အနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးလုပ်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက် တိုင်းပြည်ကောင်းအောင်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံ့အရေးအတွက် အားတတ်သရော လာရောက်လှူဒါန်းပေးမှုများအတွက်လည်း စေတနာရှင်၊ အလှူရှင်များကို နိုင်ငံတော်အနေဖြင့် အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆ *ကျော့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### တရားမဝင်ကုန်သွယ်မှု မဖြစ်မနေတားဆီးကာကွယ်ကြရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့၏ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် အဆင့်ဆင့်သော ပြည်နယ်နှင့် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့အသီးသီးတို့၏ လုပ်ငန်းတာဝန်များအနက် အဓိကမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ရုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှုဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်ရမည့် တာဝန်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာစေခြင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှု ငွေလည်ပတ်မှု အားကောင်းစေမည့် ကဏ္ဍအပါအဝင် နောက်ဆုံး ပြည်ပပို့ကုန်တင်ပို့နိုင်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေစီးဆင်းမှုကလည်း မြန်ဆန်သွက်လက်မှုဖြစ်ပေါ်စေပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍအပိုင်းဘက်ကလည်း တစ်ပါတည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များသည် ကြီးမားပြီး တရားမဝင်ကုန်သွယ်မှုကို မဖြစ်မနေတားဆီးကာကွယ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိကအခြေခံသောနိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များကို အဓိကထုတ်လုပ်ခြင်းများကို အားပေးနေရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရန်အတွက်လည်း နိုင်ငံတော်မှ စီမံချက်များ ချမှတ်ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေကြောင်း။

### တရားမဝင်ကုန်သွယ်မှုများ တိုးမြှင့်ဖမ်းဆီး ရရှိနိုင်ရေး အလေးထားဆောင်ရွက်

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆) ကြိမ်ရှိပြီဖြစ်ကြောင်း၊ အစည်းအဝေး (၁၅) ကြိမ်အထိ ဆုံးဖြတ်ချက် (၅၂၃) ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ (၂) နှစ်နှင့် (၈)လ ကာလအတွင်း အမှုတွဲ (၁၄၆၅၉) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀၀ ဒသမ ၀၂၈) ဘီလီယံဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းပမာဏမှာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖြင့် ကြည့်လျှင် အနည်းငယ်သာရှိကြောင်း၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

> **❑ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆)ကြိမ်ရှိပြီဖြစ်၊ အစည်းအဝေး (၁၅)ကြိမ်အထိ ဆုံးဖြတ်ချက် (၅၂၃) ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ (၂)နှစ်နှင့် (၈)လ ကာလအတွင်း အမှုတွဲ (၁၄၆၅၉) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀၀ ဒသမ ၀၂၈) ဘီလီယံ ဖမ်းဆီးရမိခဲ့၊ ယင်းပမာဏမှာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖြင့်ကြည့်လျှင် အနည်းငယ်သာရှိ၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရမည်**

၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရရှိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်စည်တင်မော်တော်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ပြီး တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်မှု၏အန္တရာယ်ကို အမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့် ကုန်သွယ်မှုနှင့်ဆက်နွှယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များပါဝင်သည့် ပြဋ္ဌာန်းချက်များကို အသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထားကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံဖြတ်ကျော် မဟာမိတ်အဖွဲ့၏ အစီရင်ခံစာတွင် တရားမဝင်ကုန်သွယ်မှုများအနေဖြင့် ပါဆယ်ထုပ်ငယ်များနှင့် အွန်လိုင်းဈေးဝယ်ယူမှုတိုးတက်လာခြင်း၊ အွန်လိုင်းဈေးကွက်များနှင့် e-Commerce Platform များ တိုးပွားလာခြင်းများက သိသာထင်ရှားသည့် တရားမဝင်ကုန်သွယ်မှု ပမာဏတိုးတက်စေခြင်းဖြစ်ကြောင်းကို ဖော်ပြထားကြောင်း၊ ထို့အပြင် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်-Free Trade Zones (FTZs) များအနေဖြင့် တရားဝင်ကုန်သွယ်မှုမြှင့်တင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အထူးဒေသများအဖြစ် လွတ်လပ်စွာ ကုန်သွယ်မှုပြုထားသော်လည်း ပြန်လည်သုံးသပ်မှုများအရ တရားမဝင်ကုန်သွယ်မှုအတွက် အထူးစိုးရိမ်စရာနေရာများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ မိမိတို့၏ သီလဝါအထူးစီးပွားရေးဇုန်တွင်လည်း တရားဝင်ကုန်ပစ္စည်း တင်သွင်းခွင့်ရရှိမှုအပေါ် ကျော်လွှန်၍ တရားမဝင်ကုန်သွယ်မှုပြုလုပ်ခြင်းအပေါ် ပါ နှောင့်နှေးနစ်နာပြီး အခြားနိုင်ငံများနှင့် ဈေးကွက်ရအောင် ယှဉ်ပြိုင်ရာတွင် ခက်ခဲမှုများ ရှိလာနိုင်သည်ကိုလည်း ဂရုပြုကြရန်လိုကြောင်း။

အပါအဝင် နိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိမှုအပေါ် အချို့သော FDI များက ကုန်ထုတ်လုပ်မှုအားဟန်ပြသာဆောင်ရွက်၍ ပြည်ပမှပင် ကုန်ချောပစ္စည်းများကို ဈေးပေါပေါဖြင့် တင်သွင်းဆောင်ရွက်နေခြင်းများကိုလည်း သတိပြုတိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များမှ တစ်ဆင့် ပြည်တွင်းစက်မှုဇုန်များ၌လည်း အထက်ပါကိစ္စရပ်များ မဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံကမှ တရားမဝင်ကုန်သွယ်မှုများကို အမြစ်ပြတ်အောင် မလုပ်ဆောင်နိုင်သေးကြောင်းကို တွေ့ရှိရပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း ရောင်းဝယ်မှုများနှင့် ငွေကြေးခဝါချမှုများကို သီးခြားနည်းလမ်း ရွေးချယ်ပြီး တားဆီးကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပြေးညီဆောင်ရွက်ပါက စည်းကမ်းလိုက်နာသူများ

### ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လို

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်စေရန် အဓိကစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စီးပွားရေးလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာနအသီးသီးကလည်း ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် တိရစ္ဆာန်အစာ၊ ကာကွယ်ဆေးကဲ့သို့ လိုအပ်ချက်များကိုလည်း စိုက်ပျိုးမွေးမြူသူတောင်သူများလက်ဝယ်သို့ ရာသီကာလအလိုက်

*စာမျက်နှာ ၈ သို့*

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံအတွက် ရိုးသားစွာတာဝန်ထမ်းဆောင်ကြရန်လိုအပ် တာဝန်ကျဝန်ထမ်းများကို ဦးဆောင်ရသည့် တာဝန်ခံအရာရှိများအနေဖြင့် စံနမူနာပြဦးဆောင်ပြီး ကိုယ်တိုင်ရိုးသားရန်လို

**◆ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တိုင်းဒေသကြီး /ပြည်နယ် အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန် ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းလို**

*စာမျက်နှာ ၇ မှ*

တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဦးစားပေးမှုကို အခွင့်ကောင်းယူပြီး မလိုလားအပ်သည့် ကုန်ပစ္စည်းများကို ရောနှောသယ်ဆောင်မှု မရှိစေရေးနှင့် အကြိမ်ကြိမ်တင်သွင်းခွင့်များမရှိစေရေးကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့အပြင် တရားမဝင်ကုန်စည်များ နယ်စပ်ဖြတ်ကျော် တင်သွင်းလာခြင်းကြောင့် ပြည်ပနိုင်ငံများကတစ်ဆင့် ကူးစက်ရောဂါပိုးများ ပါဝင်လာပါက ပြည်တွင်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများတွင် ရောဂါကူးစက်ကာ ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်စေမည်ဖြစ်ပြီး တရားမဝင်ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အလှကုန်များကြောင့်လည်း ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေပြီး အရည်အသွေးပြည့်မီခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအတုများကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ရနိုင်သည်ကိုလည်း သတိပြုရန်လိုအပ်မည်ဖြစ်ကြောင်း။

**ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေ**

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များ တင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက် အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင် သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက်နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေကြောင်း၊ တရားမဝင်ဆောင်ရွက်သည့် လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေကြောင်း။

တရားမဝင်တင်သွင်းခြင်များကြောင့် အကျိုးဆက်အနေဖြင့် တရားဝင်လုပ်ငန်းများ ပြည်တွင်းတွင်ဈေးနှုန်းမယှဉ်နိုင်ဘဲ ဈေးကွက်ဝေစုပေးလိုက်ရခြင်းကြောင့် ရေရှည်တွင်လုပ်ငန်းရပ်တည်နိုင်ရန်ခက်ခဲလာစေပြီး တရားဝင်ရပ်တည်လုပ်ကိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအင်အားလျော့နည်းကျဆင်းလာကာ ရေရှည်အတွက် လုပ်ငန်းတိုးချဲ့လိုစိတ်မရှိတော့ဘဲ လုပ်ချင်ကိုင်ချင်စိတ်များကျဆင်းလာနိုင်ကြောင်း၊ နောက်ဆုံးတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ကြောင်း၊ နိုင်ငံအတွင်း လုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်ခြင်းမရှိပါက နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အောင်မြင်မှုမရှိဘဲ စိုက်ပျိုးစွမ်းအား၊ ကုန်ထုတ်စွမ်းအား၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုစွမ်းအားများကို ထိခိုက်စေကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်၍ အကြောင်းရင်းများစွာရှိသည့်အနက် အဓိကစိန်ခေါ်မှုပြဿနာမှာ နိုင်ငံ၏နယ်စပ်ဒေသအချို့နေရာများတွင် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ကန့်သတ်ချက်များရှိနေခြင်း၊ အချို့ဥပဒေရေးရာများတွင် အားနည်းမှုရှိခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အား မလုံလောက်ခြင်းနှင့် အကျင့်ပျက်မှုများရှိနေခြင်းကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများအဖြစ် တွေ့ရှိရကြောင်း၊ အဆိုပါ အချက်များကိုလည်း အတတ်နိုင်ဆုံး ကာကွယ်တားဆီးရန်လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းမှုကို စိစစ်ကန့်သတ်မှုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းလိုအပ်ချက်ရှိသည့် ကုန်စည်များကို တရားမဝင်တင်သွင်းမှုများ ပြုလုပ်နေသည်ကို ယခုကာလအတွင်း အများဆုံး တွေ့ရှိရကြောင်း၊ ၎င်းကို ထိထိရောက်ရောက် တားဆီးစစ်ဆေးဖမ်းဆီးနိုင်ရန်လိုပြီး မဆောင်ရွက်နိုင်ပါက နိုင်ငံအတွက် အခွန်ဝင်ငွေမရရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာနိုင်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးကိုလည်း သက်ဆိုးရှည်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်တားဆီးရန်လိုကြောင်း။

**တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်**

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်ဆေးရေးဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များ၊ အချိန်ကြန့်ကြာမှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် တရားမဝင်ရောင်ကွင်းလမ်းများတွင် ရှောင်တခင်စစ်ဆေးခြင်း၊ မဖြစ်မနေဖြတ်သန်းသွားလာမည့် နေရာများတွင် စနစ်တကျစစ်ဆေးခြင်းများအပြင် နိုင်ငံ၏ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုမရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ပိုမိုတားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေးအရေးယူကြရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ထမ်းဆောင်ကြသည့် တာဝန်ကျ ဝန်ထမ်းများအနေဖြင့် နိုင်ငံအတွက် ရိုးသားစွာ တာဝန်ထမ်းဆောင်ကြရန်လည်း လိုအပ်ကြောင်း၊ တာဝန်ကျဝန်ထမ်းများကို ဦးဆောင်ရသည့် တာဝန်ခံအရာရှိများအနေဖြင့် စံနမူနာပြဦးဆောင်ပြီး ကိုယ်တိုင်ရိုးသားရန်လိုအပ်သကဲ့သို့ လက်အောက်တာဝန်ကျဝန်ထမ်းများ၏ အခြေအနေကို အမြဲမပျက် စောင့်ကြည့်သုံးသပ်ကြပ်မတ်ဆောင်ရွက်နေရန်လည်း လိုအပ်ကြောင်း။

**သတင်းမှန်ပေးပို့သူများကို အသိအမှတ်ပြု**

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သတင်းရရှိမှု (၉၇) ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၃)ကြိမ်၊ နောက်ကျသတင်း (၃)ကြိမ်၊ သတင်းမှန် (၉၁) ကြိမ်ဖြစ်ကြောင်း၊ သတင်းမှန်ပေးပို့မှု အကြိမ်အရေအတွက် ပိုမိုများပြားလာခြင်းက မိမိတို့၏ လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ မိမိတို့ ဦးဆောင်ကော်မတီမှလည်း သတင်းမှန်ပေးပို့သူများကို အသိအမှတ်ပြုပါကြောင်းနှင့် သတင်းပေးသူအတွက် ရပိုင်ခွင့်ကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း ဆုကြေးငွေချီးမြှင့်ပေးနိုင်ရေး မိမိတို့ဦးဆောင်ကော်မတီမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှု အမှုတွဲ(၁၁၇) မှုနှင့် ဖမ်းဆီးရမိမှုတန်ဖိုးကျပ်(၂၁၄၀ ဒသမ ၉၅၁) သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများအနေဖြင့် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များ ပါဝင်ကြောင်း။

တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေကြသူများသည် နည်းလမ်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်နေကြသကဲ့သို့ မိမိတို့တားဆီးသူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများအရဖြစ်စေ၊ စစ်ဆေးမှုအခြေအနေများအရဖြစ်စေ၊ ပျော့ကွက်ဟာကွက်မရှိအောင် စီမံတားဆီးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း သတင်းပေးပို့မှု (၅) ကြိမ်ရှိပြီး ဖမ်းဆီးရရှိမှုမှ သတင်းပေးသူအား ဆုကြေး (၂) ဘီလီယံကျပ်ခန့် သတ်မှတ်ရာခိုင်နှုန်းအရ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း။

ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုပါက ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတို့၏ ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှု ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်ခြင်းသည် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှု၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများ၏ အားစိုက်ကြိုးပမ်းမှုဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများကြား အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ အထူးအဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် လိုက်ပါဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိမိမိဖမ်းဆီးရမိရေး၊ အဂတိတရားကင်းရှင်းရေး၊ တရားဝင်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးတို့အပြင် ပင်မရည်မှန်းချက်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့ကျရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိရေးနှင့် တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရန်အတွက် အသိပညာပေးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန်လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန် ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၃/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၉

**အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

**အမြန်ပြီးစီးအောင်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လယ်ဝေးမြို့နယ်၊ ရုံးပင်-အေးချမ်းသာ ဆက်သွယ်ထားသော ကျေးရွာချင်းဆက် လမ်းတစ်လျှောက် ရေတိုက်စားမှုကြောင့် လမ်းသားနှင့် လမ်းပခုံးများ ပျက်စီးမှုကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရုံးပင်-အေးချမ်းသာ စစ်တောင်းမြစ်ကူး တံတားသို့ ဆက်သွယ်ထားသော လမ်းတွင် စစ်တောင်းမြစ်ကမ်းပါးပြိုကျပြီး လမ်းတာပေါင် တိုက်စားသွားသည့်အတွက် ယာယီလမ်းလွှဲဆောင်ရွက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လတ်တလော လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားသည်။

**တွေ့ဆုံအားပေး**

ထို့နောက် လယ်ဝေးမြို့နယ် အေးချမ်းသာကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးပြီး ကျေးရွာချင်းဆက်လမ်းတံတားများ၊ ကျေးရွာကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းပျက်စီးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်များ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) သတင်းစဉ်**






# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

ရေဘေးဒဏ် ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အလှူငွေများ လက်ခံရယူပြီး(ဝဲပုံ) ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် (၂၀၁၁ - ၂၀၁၆) ဒုတိယဝန်ကြီး (အငြိမ်းစားများ) က ငွေကျပ်သိန်း ၃၀၊ လမ်းမတော်အမှတ်(၆) အောင်မြေရပ် ချောက်မြို့နေ နိုင်ငံ အေးဆန်ပွဲရုံ၊ သားသမီးမြေးမြစ်သားစု၊ ကာယဉာဏလုပ်သားများနှင့် ရောင်းသူဝယ်သူများက ငွေကျပ်သိန်း ၅၀၀ နှင့် Money King Company Limited က ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၆၃၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော် မြို့နယ်ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ စာရင်းပေးသွင်းထားသည့် သင်ယူလိုသူ ၅၄၁ ဦးကို စာသင်ဝိုင်း ၄၇ ဝိုင်းဖြင့် သင်ကြားပို့ချပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၉**

ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ် စဉ်ဆက် ပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော် ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်ပညာရေးမှူးများနှင့်မြို့နယ်ပညာရေးမှူးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၏ စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ကြားပေးကြမည့် မြို့နယ် ရှစ်မြို့နယ်မှ စေတနာလုပ်အားပေးနည်းပြများ၊ ကြီးကြပ်များ၊ စာသင်သားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌကအမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြို့နယ် ရှစ်မြို့နယ် စဉ်ဆက် ပညာရေးလုပ်ငန်းမှ စာသင်သားများကိုယ်စား စာသင်သားနှစ်ဦးကို စာသင်သားသုံး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်တွင်စဉ်ဆက်ပညာရေးလုပ်ငန်းကို အမျိုးသားရေးအသွင် လုပ်ဆောင်နိုင်ရေး၊ ဒေသတွင်း အခြေခံစာတတ်မြောက်မှုနှုန်း တိုးတက်လာနိုင်ရေးနှင့် လူမှုဘဝမြင့်မားလာစေရန်ရည်ရွယ်ပြီး သင်ကြားရေးကာလ ရက်ပေါင်း ၉၀ ဖြစ်ပြီး မြို့နယ် ရှစ်မြို့နယ်၏ စာရင်းပေးသွင်းထားသည့် သင်ယူလိုသူ ၅၄၁ ဦးကို အခြေခံပညာအထက်တန်းအဆင့်နှင့် အထက်ရှိသူ ဒေသန္တရ စေတနာလုပ်အားပေးနည်းပြ ၉၄ ဦးနှင့် ကြီးကြပ် ၁၃ ဦးတို့က စာသင်ဝိုင်း ၄၇ ဝိုင်းဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ လယ်ဝေးခရိုင်တွင် စာသင်သား ၁၅၆ ဦး၊ နည်းပြ ၂၈ ဦး၊ ကြီးကြပ် သုံးဦး၊ စာသင်ဝိုင်း ၁၄ ဝိုင်းဖြင့် လည်းကောင်း၊ ပျဉ်းမနားခရိုင်တွင် စာသင်သား ၆၉ ဦး၊ နည်းပြ ၁၀ ဦး၊ ကြီးကြပ် ငါးဦး၊ စာသင်ဝိုင်း ငါးဝိုင်းဖြင့် လည်းကောင်း၊ ဇေယျာသီရိခရိုင်တွင် စာသင်သား ၉၂ ဦး၊ နည်းပြ ၁၆ ဦး၊ ကြီးကြပ် နှစ်ဦး၊ စာသင်ဝိုင်း ရှစ်ဝိုင်းဖြင့်လည်းကောင်း၊ ဥတ္တရခရိုင်တွင် စာသင်သား ၂၂၄ ဦး၊ နည်းပြ ၄၀၊ ကြီးကြပ် သုံးဦး၊ စာသင်ဝိုင်း ၂၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း၏ Chief of Mission ဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration– IOM)၏ Chief of Mission ဖြစ်သူ Mr. Daihei Mochizuki ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးခြင်းတို့ကို IOM မှ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး IOM နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေး ကိစ္စရပ်များနှင့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ ပူးပေါင်းပြီး နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အာဆီယံ ခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

(၁၈) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ယှဉ်ပြိုင်စွမ်းရည်မြှင့်တင်ရေး ကော်မတီ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေးကော်မတီ အစည်းအဝေး၊ (၃၂) ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ ကြီးကြပ်မှုကော်မတီ အစည်းအဝေးနှင့် (၁၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အရင်းအမြစ် ရှာဖွေဖော်ထုတ်ရေး၊ ကြီးကြပ်ရေးနှင့် စစ်ဆေးအကဲဖြတ်ရေးကော်မတီ အစည်းအဝေးများကို အောက်တိုဘာ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌




In Person စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။

**ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး**

အဆိုပါ အစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် တက်ရောက်၍ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် တိုးတက် ဝင်ရောက်လာရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးလာရေးအတွက် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ခိုင်မာအားကောင်းစေသည့်အပြင် ယဉ်ကျေးမှုဖလှယ်ရေးမြှင့်တင်ရာတွင်လည်း အရေးပါကြောင်း၊ ယခုကျင်းပသည့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံများရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သာမကလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်မှုစံသတ်မှတ်ချက်များ၊ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များလည်း ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

**တာဝန်ယူဆောင်ရွက်**

အဆိုပါ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး (၁၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေး ကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

**ညစာစားပွဲတက်ရောက်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးများသို့ ပါဝင်တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ကြိုဆိုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိပ်ကမ်းလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ပြုလုပ်သည့် ဆိပ်ကမ်းလုပ်ငန်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းဝန်ထမ်းမိသားစုအိမ်ရာရှိ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆက်စပ်ဌာနများ၊ ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများ၊ ပို့ကုန်လုပ်ငန်းရှင်အသင်း အဖွဲ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက လာမည့် ပွင့်လင်းရာသီတွင် မြန်မာ့လယ်ယာထွက်ပို့ကုန်များကို ရန်ကုန်ဆိပ်ကမ်းမှ ဘေးကင်းလုံခြုံစွာဖြင့် တင်ပို့နိုင်ရေးအတွက် ရန်ကုန်ရှိ ဆိပ်ကမ်းတံတားများနှင့် လုပ်ငန်းအပိုင်းအလိုက် စွမ်းဆောင်ရည် (Performance) နှင့် ကိုင်တွယ်စွမ်းအား (Productivity) ပိုမိုကောင်းမွန်စေရေး၊ အဓိကသက်ဆိုင်သူများ ဖြစ်ကြသည့် ဆိပ်ကမ်းတံတားများ၊ သင်္ဘောလိုင်းများ၊ သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအစိုးရဌာန/ အဖွဲ့အစည်းများအကြား ချိတ်ဆက်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စေရေးတို့အတွက် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်း






လည်ပတ်မှုပုံစံများ၊ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် နှောင့်နှေးကြန့်ကြာစေသည့် အကြောင်းအရင်းများအပေါ် ဆွေးနွေးသုံးသပ်ကြပြီး ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖော်ထုတ်တင်ပြပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးမည့်ပုံစံ၊ အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဆိပ်ကမ်းတံတားများ၊ လုပ်ငန်းဌာနများ၊ သင်္ဘောလိုင်းများနှင့် လုပ်ငန်းရှင် / ဝန်ဆောင်မှုအသင်းများမှ တာဝန်ရှိသူများက ဆိပ်ကမ်းလုပ်ငန်း လည်ပတ်မှုဆိုင်ရာများကို လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ ငါးဖွဲ့မှ အဖွဲ့လိုက် ဆွေးနွေးဖော်ထုတ်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ဦးဆောင် ညွှန်ကြားရေးမှူးက ဆိပ်ကမ်းလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို အနှစ်ချုပ်သုံးသပ်တင်ပြခြင်းတို့ ဆောင်ရွက်ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ သင်တန်းဖွင့်ပွဲကျင်းပ

**တိုက်ကြီး အောက်တိုဘာ ၉**

စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း တိုက်ကြီးမြို့နယ်၌ လက်ထောက်ဦးစီးမှူးမှ ရာထူး တိုးမြှင့်ခန့်ထားခြင်းခံရသည့် ဒုတိယဦးစီးမှူးများ သင်တန်းအမှတ်စဉ်(၉) တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ် (၄၅/၂၀၂၄) လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ် (၇၁/၂၀၂၄) တို့၏ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၇ ရက်က သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်ထင် တက်ရောက်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

ရတနာသတ်စ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# ကယားပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများသို့ ပေးပို့သည့်စားသောက်ကုန်များ ပြည်နယ်အစိုးရအဖွဲ့က စနစ်တကျဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိ



**လွိုင်ကော် အောက်တိုဘာ ၉**

ရာဂီမုန်တိုင်းနှင့် ဆက်စပ်၍ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး ထိခိုက်ပျက်စီးမှုများပြားသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးသင့်သူများ လတ်တလော စားသောက်ရေးအဆင်ပြေစေရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကယားပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ပေးပို့သည့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့လှူဒါန်းမှုများနှင့်ပတ်သက်၍ ပြည်နယ်အတွင်း ရေဘေးသင့်သူများ၏ လက်ဝယ်သို့ မျှတစွာရောက်ရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့က စနစ်တကျဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါရပ်ကွက်အချို့ရှိ အမြင့်ပိုင်းနေအိမ်များမှာ ရေကင်းလွတ်ပြီးဖြစ်၍ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၏ ကြီးကြပ်မှုဖြင့် ပြည်သူများ လက်တွဲပူးပေါင်းကာပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် စည်သွတ်ဘူးနှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ကြရာ ယာယီရေဘေးသင့်ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးသင့်ရပ်ကွက်များမှ ကိုယ်စားလှယ်အသီးသီးက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်နှင့် မင်းစုရပ်ကွက်အတွင်း ရေပြန်လည်ကျဆင်းနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး အမြင့်ပိုင်းရေကျဆင်း၍ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်လိုသည့် ရပ်ကွက်နေပြည်သူများကို ကူညီရွှေ့ပြောင်းရေးလိုအပ်သည်များဆောင်ရွက်ပေးရန်၊ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့်လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ရေးကို အရှိန်မြှင့်ဆောင်ရွက်ပေးရန်နှင့် အနိမ့်ပိုင်းနေရာများရှိ ချိုင့်ဝှမ်းနေရာများတွင် ရေတင်ကျန်ရှိနေမှုများကို ရေစုပ်ထုတ်ခြင်းများ ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## အာဆီယံအပေါင်းသုံး ဆန်အရန် ရိက္ခာ(APTERR) အစီအစဉ်(၃)အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသောဆန် ၃၃၈အိတ်ကို ပန်းတောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်



**ပန်းတောင်း အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ပန်းတောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ကြခတ်ရပ်ကွက်နှင့် ဒေါင်းမြတ်နားကျေးရွာချင်းဆက်လမ်း ပျက်စီးနေမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် အာဆီယံအပေါင်းသုံး ဆန်အရန် ရိက္ခာ (APTERR) အစီအစဉ်(၃) အရကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသောဆန်၃၃၈အိတ်ကိုပန်းတောင်းမြို့နယ်အတွင်းရှိ ဇူလိုင်လအတွင်း ရေဘေးသင့်ခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပန်းတောင်းမြို့ ဝန်လိုရပ်ကွက်ရှိ မြို့မစာကြည့်တိုက်ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ စာပေဝါသနာရှင် ပြည်သူများ စာဖတ်ရှုနေမှုအခြေအနေ၊ စာအုပ်စာစောင်များ စုဆောင်းထားရှိမှု အခြေအနေများအား ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ကျပ်သိန်း ၃၀ တန်ဖိုးရှိ စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ခဲ့၍ ဝန်လိုရပ်ကွက်အတွင်း သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေနှင့်သဘာဝအရသာယိုစုံလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နတ်မောက်ကျေးရွာအုပ်စု ရေဝင်ရွာလေးကျေးရွာ တောင်သူ ဦးကျော်ဝင်း ပိုင်ဆိုင်သောကွင်းအမှတ်(၉၈)မိုးမြေပဲနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်းငါးဧကတွင် တစ်ဧကအထွက်နှုန်း ၈၆ တင်းထွက်လျက်ရှိပြီး စိုက်ခင်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး၌ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှုအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းထုတ်ပေးခြင်းနှင့်လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှုတို့အတွက် ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၉**

လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်မှုဇုန်-၄ ရှိ ပျံလွှားစက္ကူစက်မှ အာမခံအလုပ်သမား ဦးသက်အောင်သည် ၂၀၂၄ခုနှစ် ဇူလိုင် ၆ ရက် ညနေ ၄ နာရီခွဲတွင် စက္ကူစက်လည်ပတ်နေစဉ် စက္ကူပြတ်တောက်သွားသဖြင့် စက္ကူအခြောက်ခံစက် Dryer နှင့် Convas အကြား စက္ကူမဝင်သဖြင့်




လက်ဖြင့်သွင်းရာ Roller နှစ်လုံးကြားသို့ ညာဘက်လက်မောင်းရင်းအထိ၊ ညာဘက်ရင်အုံဝင်သွားပြီး ထိခိုက်ဒဏ်ရာရရှိကာ သေဆုံးသွားခြင်းအတွက် ကျန်ရစ်သူမိခင်အား ငွေလုံးငွေရင်းငွေကျပ် ၄၃၂၀၀၀၀ ကို တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ထုတ်ပေးခဲ့သည်။

ဆက်လက်၍ ရွှေလင်ဗန်းစက်မှုဇုန်ရှိ Tian Yu ဖိနပ်စက်ရုံမှ အာမခံအလုပ်သမားဒေါ်ခင်သီရိကျော်သည် ၂၀၂၄ ခုနှစ် မေ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ခတ်လေှကားဖြင့် ပစ္စည်းများအားအတင်အချပြုလုပ်ရာတွင် အောက်ထပ်သို့ငုံ့ကြည့်စဉ် ခတ်လှေကားပေါင်ဖြင့် ခေါင်းအားရိုက်မိပြီး ထိခိုက်ဒဏ်ရာရရှိသည့် လုပ်အားဆုံးရှုံးမှုအတွက် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၂၀၁၀၉၆ ကို ကာယကံရှင်အား ထုတ်ပေးပြီး စုစုပေါင်းအကျိုးခံစားခွင့်ငွေကျပ် ၆၃၃၀၉၆၀ ထုတ်ပေးခြင်းကို စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ ရှေ့မှောက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှစ၍ ကောက်ယူလျက်ရှိရာ အမှတ်(၈၈)ရက်ကွက်တွင် သန်းခေါင်စာရင်းကောက်ယူနေမှုများအား မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရပ်ကွက်(၄၃)ရပ်ကွက် ကျေးရွာလေးရွာ ကောက်ကွက်ပေါင်း ၅၅၉ ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက် ၂၂၈ ဦးက အဖွဲ့ ၄၅ ဖွဲ့ခွဲ၍ Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစာရင်းကောက်ယူလျက်ရှိပြီး အောက်တိုဘာ ၈ ရက်အထိ ကောက်ကွက်ပေါင်း ၃၅၃ ကွက် ကောက်ယူပြီးစီးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအေးကျော်ထံမှသိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

# အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်း





**နေပြည်တော် အောက်တိုဘာ ၉**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၁)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးဆန်းမြင့် က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အထက်အဆင့်နှင့် အောက်အဆင့်အကြား ဌာန၏လုပ်ငန်းတာဝန်နှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို ဟန်ချက်ညီအောင် အလယ်အလတ်အဆင့် အရာထမ်းများက ထိန်းညှိဆောင်ရွက်ပေးရခြင်းဖြစ်၍ ကဏ္ဍအလိုက်၊ ရာထူးအဆင့်အလိုက် မှန်မှန်ကန်ကန် လုပ်ကိုင် ဆောင်ရွက်နိုင်ပြီး စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က လေ့ကျင့်ပေးခြင်း ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်း လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကြပြီး နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး (၃၀) ကို လိုက်နာကြပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ တိုင်းပြည်တိုးတက်ဖို့ အားဖြည့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာ ဘွဲ့လက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၂ ဦး၊ သင်တန်းသူ ၄၆ ဦး၊ စုစုပေါင်း ၈၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တောင်ငူ၌ ရေဘေးသင့်ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးခြင်းဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၉**

တောင်ငူမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်းအစီအစဉ်ကို လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်က တောင်ငူမြို့ အမှတ်(၁)ရပ်ကွက်၊ (၁၈)ရပ်ကွက်နှင့် ဇီးဒိုင်းကျေးရွာအုပ်စုများသို့ သွားရောက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦး ပါဝင်သည့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုအဖွဲ့သည် ရေဘေးသင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများကို အားပေးခြင်းနှင့် အသိပညာပေးခြင်းများပြုလုပ်ပြီး ထိခိုက်လွယ်အုပ်စုဝင်များအား Hygiene kits ၊ ဆေးစိမ်ခြင်ထောင်၊ ရေသန့်ဆေးမှုန့်၊ ဆပ်ပြာခဲနှင့် ကလေးများအတွက် မုန့်များ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း

ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၉၂၅၈၀) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၀ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၃၃၂၃၃၄) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၆၂၄၉၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း၊ (၂၁) မိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၀၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး၊ Kyaw Kyar Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၅၁၀၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ဟသ်ာအဝိုင်း ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် မင်းရွာကျေးရွာတို့၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၈၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး၊ Chin Dwin Star Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၉၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၁၇၂၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ပါ၍ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၄၇၂၁၄၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် တာကောက်ကျေးရွာနေ “Min Thant May May” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်စုတင်နှင့် “Mgtoo Mgtoo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မောင်တူးတို့နှစ်ဦးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း (၁၂) ခုရှိရာ ယနေ့၌ ပေါင်းလောင်း ရေလှောင်တမံတွင် (၃ ဒသမ ၈၇)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ (၀ ဒသမ ၁၀) ပေ တိုးလာခြင်း ဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ် အထက်တွင် HED ရေတံခါး (၄) ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၉.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၉.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၁၂၇၃ | ၆၂၇.၂၆ | ၅၆၅၉၇၂ | ၁၃၉၄၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၇ | ၁၆၈၅၆ | - | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၅၀ | ၂၆၈၀၅ | ၁၂၄ | ၉.၅၀ | ၉၆၉၅ | - | - | | ၆၂၅.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၂၂၄ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၀၂ | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၅ | ၁၀၅၃၀ | ၇ | ၂.၃၅ | ၁၇၂၇ | - | - | - | ၅၀၉.၇၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၈၀ | ၇၂၄၀၀ | ၃၁၅ | ၀.၂၀ | ၆၀၀ | - | - | ၀.၅၉ | ၄၃၈.၅၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၅ | ၇၇၈၆ | ၈ | ၁.၆၅ | ၉၃၂ | - | - | - | ၄၁၆.၃၈ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၀ | ၇၀၃.၆၀ | ၁၀၇၉၇၃ | - | ၆.၄၀ | ၃၅၁၁၇ | - | - | ၀.၄၇ | ၇၀၃.၃၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၁၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇၉ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၂ | ၅.၇၀ | ၄၀၁၁ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

## *နိုင်ငံတကာသတင်း*

# အစ္စရေးက လက်ဘနွန်တောင်ပိုင်းတွင် မြေပြင်စစ်ဆင်ရေးတိုးချဲ့

**ဂျေရုဆလင် အောက်တိုဘာ ၉**

အစ္စရေးတပ်များက လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့ကို တိုက်ခိုက်ရန်အတွက် ဒေသအလိုက် ပစ်မှတ်ထားသော စစ်ဆင်ရေးများကို တိုးချဲ့လိုက်ကြောင်း သိရသည်။

အစ္စရေးတပ်မတော်သည် လက်ဘနွန်တောင်ပိုင်းဒေသသို့ နောက်ထပ်တပ်မတော်သား ထောင်ချီဖြန့်ကြက်ထားကြောင်း၊ ထို့ပြင် ၎င်းတို့သည် ဒုံးကျည်ပစ်လွှတ်သော လောင်ချာများနှင့် နယ်စပ်အနီးရှိ ဥမင်လိုဏ်ခေါင်းတစ်ခုတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ လက်နက်များသိုလှောင်သိမ်းဆည်းရန် အသုံးပြုသည့် ဟစ်ဇ်ဘိုလာခြံဝင်းတစ်ခုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၆ ဦး သေဆုံးကြောင်း၊ ဟစ်ဇ်ဘိုလာအဖွဲ့သည် နိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည် ၁၀၀ ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးမီဒီယာများကလည်း အစီရင်ခံဖော်ပြထားသည်။

လူပေါင်း ၂၅၀၀၀၀ နီးပါးမှာ လက်ဘနွန်မှ ထွက်ပြေးပြီး ဘေးလွတ်ရာရှာဖွေရန် ဆီးရီးယားနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြောင်း ကုလသမဂ္ဂ ကယ်ဆယ်ရေး အေဂျင်စီကပြောသည်။

အများစုမှာ လွန်ခဲ့သော နှစ်များအတွင်း တိုက်ပွဲဖြစ်ပွားမှုများမှ လွတ်မြောက်ခဲ့သော ဆီးရီးယားနိုင်ငံသားများဖြစ်သည်ဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# ဟာရီကိန်း မီလ်တန် အဆင့်ငါး မုန်တိုင်းအဖြစ် ဖလော်ရီဒါကို ခြိမ်းခြောက်

**ဖလော်ရီဒါ အောက်တိုဘာ ၉**

ဟာရီကိန်း မီလ်တန်သည် အဆင့်ငါးမုန်တိုင်းအဖြစ် ဖလော်ရီဒါသို့ချဉ်းကပ်နေပြီး ဖျက်အားပြင်း မုန်တိုင်းအဆင့်တွင် အမြင့်ဆုံးအဆင့်ဖြစ်သည်။ ဖလော်ရီဒါ၌ နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးသော မုန်တိုင်းများထဲမှတစ်ခုဟု အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က သတိပေးခဲ့သည်။

ဟာရီကိန်းမုန်တိုင်း မီလ်တန်ကို ယခင်က အဆင့်လေး မုန်တိုင်းအဖြစ် သတ်မှတ်ထားရာမှ အောက်တိုဘာ ၈ ရက်မစတင်ကာ ပိုမိုအားကောင်းလာခဲ့သည်။ အောက်တိုဘာ ၉ ရက် ညပိုင်းသို့မဟုတ် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မုန်တိုင်းဝင်ရောက်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ကီလိုမီတာ ရာနှင့်ချီသော ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်သောဒေသခံများ အန္တရာယ်ရှိနိုင်သည်ဟု အမျိုးသားဟာရီကိန်းစင်တာက သတိပေးထားသည်။

အဆိုပါဒေသမှာ ယခင်ကလည်း မုန်တိုင်းကြီးတစ်ခုနှင့်ရင်ဆိုင်ခဲ့ရပြီး လွန်ခဲ့သည့် သီတင်းပတ်နှစ်ပတ်ခန့်ကမှ ဟာရီကိန်း ဟယ်လီနာဝင်ရောက်ခဲ့သည့်ဒေသဖြစ်သည်။

ဟာရီကိန်းမုန်တိုင်း မီလ်တန်သည် မြေပြင်ပေါ်ရှိ အပျက်အစီးများကို လေထဲတွင် လွင့်ပျံ့စေသည့်အထိ အားကောင်းနိုင်သည်ဟု မိုးလေဝသခန့်မှန်းသူများက ခန့်မှန်းထားကြသည်။

မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများကို ကြီးကြပ်ရန် သမ္မတဘိုင်ဒင်သည် ဂျာမနီနှင့် အန်ဂိုလာနိုင်ငံတို့သို့ သွားရောက်မည့်ခရီးစဉ်ကို ရွှေ့ဆိုင်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကွန်ဂိုနိုင်ငံ၌ ယခုနှစ်တွင် နေရပ်စွန့်ခွာသူ တစ်သန်းနီးပါးရှိလာ

**ကင်ရှာဆာ အောက်တိုဘာ ၉**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ယခုနှစ်တွင် လူပေါင်း ၉၄၀၀၀၀ ခန့်မှာ နေရပ်စွန့်ခွာခဲ့ကြရကြောင်း ကုလသမဂ္ဂဆိုင်ရာ လူ့အခွင့်အရေး မဟာမင်းကြီး ဗော်ကာတာ့ခ်က အောက်တိုဘာ ၈ ရက်တွင် ပြောသည်။

ထို့ကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်းမှာ ၆ ဒသမ ၄ သန်းကျော်ရှိလာပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် ၎င်းက သတင်းထောက်များအား ပြောသည်။ လူပေါင်း ၂၃ ဒသမ ၄ သန်းမှာ စားနပ်ရိက္ခာဖူလုံမှု မရှိသဖြင့် ကွန်ဂိုနိုင်ငံသည် ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာမဖူလုံမှုဒဏ်ကို အခံရဆုံးနိုင်ငံဖြစ်ကြောင်းလည်း ၎င်းကဆက်ပြောသည်။

သဘာဝ သယံဇာတများကို တရားမဝင် အမြတ်ထုတ်ခြင်းနှင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုများက နိုင်ငံ၌ပဋိပက္ခများကို ဖြစ်ပွားစေကြောင်း သတိပေးခဲ့သည်။

ကွန်ဂိုနိုင်ငံသည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး ငါးနိုင်ငံတွင် တစ်နိုင်ငံပါဝင်ကြောင်း တာ့ခ်က ပြောသည်။ **ဆင်ဟွာ**

# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ မိသားစုသုံးဦး သတ်ဖြတ်ကာ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်သွားသူ ပါဝင်ပတ်သက်သူတရားခံများအပေါ် သေဒဏ်၊ ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးကအမိန့်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်၊ မြတ်လေးလမ်းတွင် နေထိုင်သော ဦးသန်းနိုင်ထွန်း၊ ဇနီးဖြစ်သူ ဒေါ်စောသန္တာဦးနှင့် သားဖြစ်သူ ရွှေအုပ်စိုးတို့မှာ နေအိမ်အတွင်း၌ ဒဏ်ရာများဖြင့် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေပြီး ၎င်းတို့ ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသုံးလုံးနှင့် မော်တော်ယာဉ်တစ်စီး တို့မှာလည်း ပျောက်ဆုံးနေသောအမှု ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဘုရားကုန်းမြို့မရဲစခန်း၌ အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့ပြီး တရားခံ ရဲထက်ကျော် (ခ) ကိုချစ်၊ ကျော်အေး (ခ) ပသိုင်း၊ ကျော်သူနှင့် နန်းကိုသူ (ခ) နန်းမောင်တို့ လေးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄၊ ၂၀၁၊ ၂၀၂/၁၀၉ တို့ဖြင့် ဥတ္တရခရိုင်တရားရုံးသို့လည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့် (ခ) ဝင်းမင်းသူ (ခ) ဇော်ဇော်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄ တို့ဖြင့် ဥတ္တရသီရိမြို့နယ် တရားရုံးသို့လည်းကောင်း တရားစွဲတင်ပို့ခဲ့သည်။

ထိုအမှုများကို ဥတ္တရခရိုင်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၃၃/၂၀၂၄ ဖြင့်လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် တရားရုံးက ကလေးသူငယ်ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၄ ဖြင့်လည်းကောင်း လက်ခံစစ်ဆေးပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် တရားခံ ရဲထက်ကျော် (ခ) ကိုချစ်အပေါ် ဦးသန်းနိုင်ထွန်း ကို ကြိုတင်ကြံရွယ်ချက်ဖြင့်သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ဒေါ်စောသန္တာဦးကို ကြိုတင်ကြံရွယ်ချက် ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ရွှေအုပ်စိုးကို ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ) အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် (၂၀) နှစ်၊ တရားခံနန်းကိုသူ (ခ) နန်းမောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရ ထောင်ဒဏ် ဆယ်နှစ်၊ တရားခံကျော်အေး (ခ) ပသိုင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ်ခြောက်လ၊ တရားခံကျော်သူအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့် ထောင်ဒဏ် ခြောက်လ အသီးသီးကျခံစေရန် ဥတ္တရခရိုင် တရားရုံးမှ လည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့် (ခ) ဝင်းမင်းသူ (ခ) ဇော်ဇော်အပေါ် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦး၊ ရွှေအုပ်စိုး တို့ကို သေစေသည့်အတွက် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ) အရ ထောင်ဒဏ် ခုနစ်နှစ်စီချမှတ်သော ပြစ်ဒဏ်သုံးရပ်ကို တစ်ပြိုင်တည်း ကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ်သုံးနှစ်ကို သီးခြားကျခံစေရန် ဥတ္တရသီရိမြို့နယ် တရားရုံးမှလည်းကောင်း အသီးသီးအမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင် ခြေထောက်ကျိုး၍ ဆေးကုသမှု ခံယူရသည်ဟု မဟုတ်မမှန်လုပ်ကြံရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၉**

Mizzima- News in Burmese အမည်ခံ Facebook Page တွင် အောက်တိုဘာ ၃ ရက်က ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင်ခြေထောက်ကျိုး၍ ဆေးကုသမှုခံယူ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန်လုပ်ကြံရေးသား ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်မှန်အားစိစစ်ရာ ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း အကျဉ်းသား နိုင်ငံလင်းအား အကျဉ်းထောင်သို့ ရောက်ရှိသည်မှစ၍ အဆောင်တာဝန်ကျအရာရှိနှင့် ဝန်ထမ်းများက စည်းကမ်းတကျ စောင့်ကြပ်ထိန်းသိမ်းထားရှိကြောင်း၊ ၎င်းသည် ကျန်းမာရေးကောင်းမွန် လျက်ရှိပြီး ထောင်အတွင်း ချော်လဲခြင်း၊ ခြေထောက်ကျိုးခြင်း၊ စတီးချောင်းထည့်ထားသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် Mizzma Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု၊ သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။ **သစ္စာ**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မြိုင်မြို့နယ်တွင် ယာခင်းထဲအလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ယာခင်းထဲ အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များကဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြိုင်မြို့နယ် အတွင်း နယ်မြေလုံခြုံရေးနှင့်တရား ဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဆောင်ရွက်လျက် ရှိပြီး ဒေသခံပြည်သူများအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း၊အကြမ်းဖက်သောင်းကျန်း သူများအနေဖြင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို အားပေး ထောက်ခံမှုမရှိသူများအား ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ပစ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# နိုင်ငံတစ်ဝန်း အကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေးအကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးဟု ခေတ်သစ်သတင်းဌာနက မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၉**

Khit Thit Media အမည် Facebook Page တွင် အောက်တိုဘာ ၁ ရက်က နိုင်ငံတစ်ဝန်းအကျဉ်း ထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေး အကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရ သည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံ နေရသူများသာဖြစ်ပြီး သေဆုံးအကျဉ်းသား၊ အကျဉ်း သူ ၁၂ ဦးမှာလည်း ၎င်းတို့ပါရှိလာသည့် ရောဂါဝေဒနာ များ ခံစားနေရသဖြင့် အကျဉ်းထောင်ဆရာဝန်နှင့် ပြင်ပပြည်သူ့ဆေးရုံကြီးများရှိ ဆရာဝန်များဖြင့် ဆေးဝါးကုသပေးခဲ့သော်လည်း ရောဂါအခြေအနေ များ ဆိုးရွားသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ကျိုက်မရောဇဟိုအကျဉ်းထောင်မှ အကျဉ်းသား ရာရှင်(ခ)ဟာရှင်သည် နှလုံးသွေးကြောကျဉ်းရောဂါ၊ အကျဉ်းသား ပြည့်ဖြိုးအောင်သည် နှလုံးကြွက်သား အားနည်းရောဂါ၊ မကွေးဇဟိုအကျဉ်းထောင်မှ အကျဉ်းသူ မစုမေအောင်သည် စိတ်ကျန်းမာရေးနှင့် အရေပြားလေးဖက်နာရောဂါ၊ ကျောက်ကပ်ရောင် ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ကလေးအကျဉ်းထောင်မှ အကျဉ်းသား ကြည်ရအောင်သည် ခုခံအားကျဆင်းမှု ရောဂါ၊ အဆုတ်တီဘီရောဂါ၊ သွေးအားနည်းခြင်း ရောဂါ၊ မြင်းခြံဇဟိုအကျဉ်းထောင်မှ အကျဉ်းသူ မရင်မိုးသည် နာတာရှည်ကျောက်ကပ်ပျက်စီးခြင်း ရောဂါနှင့် သွေးအဆိပ်တက်ခြင်းရောဂါ၊ ဒိုက်ဦးဇဟို အကျဉ်းထောင်မှ အကျဉ်းသား အေးဝင်းသည် နှလုံး ကြီးခြင်းနှင့် နှလုံးကြွက်သားအားနည်းရောဂါ၊ အကျဉ်းသား ခင်စိုးသည် အစာအိမ်သွေးကြောပေါက် ၍ သွေးတွင်းအဆိပ်တက်ခြင်းရောဂါ၊ အကျဉ်းသား လင်းလင်းထွန်းသည် နှလုံးကြွက်သားပျက်စီးခြင်း ရောဂါ၊ တီဘီရောဂါနှင့် အသည်းကြီးရောဂါ၊ သရက် အကျဉ်းထောင်မှ အကျဉ်းသား ညီညီသည် သွေးတိုး ရောဂါကြောင့် ဦးနှောက်သွေးကြောပေါက်ခြင်း ရောဂါ၊ ပြည်အကျဉ်းထောင်မှ အကျဉ်းသား မျိုးသူ သည် နှလုံးကြွက်သားအားနည်းရောဂါ၊ အဆုတ် အတွင်းသို့ ရေဝင်ခြင်းရောဂါ၊ အင်းစိန်ဇဟိုအကျဉ်း ထောင်မှ အကျဉ်းသား နေလင်းထိုက်သည် ပါးစောင် ကင်ဆာရောဂါကြောင့် အဆုတ်သို့ကင်ဆာဆဲလ်များ ပျံ့နှံ့ခြင်းရောဂါ၊ သထုံအကျဉ်းထောင်မှ အကျဉ်းသား သန့်ဇင်သည် နှလုံးသွေးကြောကျဉ်းရောဂါတို့ဖြင့် သေဆုံးသွားခဲ့ကြခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရ သည်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနသည် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံး လုပ်နည်းများ (SOP)နှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုကို လူမျိုး၊ လိင်၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံသားပြစ်မှု အစရှိသည် တို့ကြောင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှရရှိစေကာ အကျဉ်းထောင်များတွင် ဆေးရုံအုပ်၊ ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာ ပြု၊ သားဖွားဆရာမ စသည်ဖြင့် ကျန်းမာရေးဝန်ထမ်း များ တာဝန်ချထားပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုအတွက် လိုအပ်သော ဆေးဝါးများအား ဦးစီးရန်ပုံငွေမှ လစဉ်ဝယ်ယူခွင့်ပေးလျက်ရှိကာ ကျန်းမာရေးအခြေအနေပေါ်မူတည်၍ အကျဉ်းထောင် ဆေးရုံ၊ ဆေးပေးခန်းများ၌ ကုသမှုပေးပြီး ပြည်သူ့ ဆေးရုံသို့ တင်ပို့လွှဲပြောင်းကုသရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပို့ဆောင် ကုသ ပေးကြောင်း၊ လုံခြုံရေးမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက် တောင်းခံရယူကာ အထောက်အထား မှတ်တမ်းများ ထားရှိကြောင်း၊ အကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူဟူ၍ ခွဲခြားသုံးနှုန်းခြင်းမရှိသကဲ့သို့ အခွင့်အရေးချိုးဖောက် ခံရမှုမရှိကြောင်း၊အကျဉ်းသားအားလုံးသည် အကျဉ်း ထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာနေထိုင် ရမည်ဖြစ်သကဲ့သို့ အကျဉ်းဦးစီးဌာနဝန်ထမ်းများ သည်လည်း အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါ အတိုင်း လိုက်နာအုပ်ချုပ်ရကြောင်း၊ ဥပဒေ၊ နည်း ဥပဒေကို ကျော်လွန်၍ အုပ်ချုပ်ဆောင်ရွက်ခွင့်မရှိ ကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page ကဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် သတင်းတု၊ သတင်းမှား ရေးသားထား ခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်း ဖော်ပြ ခြင်းသာဖြစ်သည်။

**သစ္စာ**

# အမျိုးသားယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ကြစို့လေ

**တစ်နေ့က လူမှုကွန်ရက်စာမျက်နှာထက်မှာ ကျေးလက်ဒေသတစ်ခုက ဖျော်ဖြေပွဲလေးတစ်ခုကြည့်လိုက်ရတယ်။ အလှူပွဲလား၊ အခါကြီးရက်ကြီးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲလေလားဆိုတာတော့ ကျွန်မ မသိပါဘူး။ ဆယ်ကျော်သက်မြေးအရွယ် မိန်းကလေးတစ်ယောက် ခုတင်ခင်း စင်မြင့်ထက်မှာ Rap ဂီတတွေရွတ်လိုက်၊ ဂါဝန်သာသာ အင်္ကျီကိုမပြီး တွန့်လိမ်ကောက်ကွေးလိုက်နဲ့ အပြင်းစားပေါက်ကွဲမှုတွေအပြည့်နဲ့ ဖျော်ဖြေနေလိုက်တာ အားပေးတဲ့သူတွေကလည်း တပြုံးပြုံးနဲ့ပေါ့။**

ခင်သန်းမြင့်

ခေတ်တွေက ပြောင်းလာလိုက်တာ ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာပြီဆိုတော့ ယဉ်ကျေးမှုတွေကလည်း အတားအဆီးမရှိ ပျံ့နှံ့စီးဝင်လာတယ်။ ခေတ်ရေစီးကြောင်းအရ ခေတ်ကို လွန်ဆန်လို့မရပေမယ့် သူ့နေရာနဲ့သူ၊ သူ့ရေစီးကြောင်းနဲ့သူ၊ အချိန်အခါအလိုက် ကန့်သတ်ချက်ရှိဖို့တော့ လိုတာပေါ့နော်။ နိုင်ငံခြားက ပျံ့နှံ့ဝင်ရောက်လာတဲ့ အဆို၊ အက၊ အတီး၊ အမှုတ် စတဲ့ အနုပညာယဉ်ကျေးမှုတွေဟာ သူ့နိုင်ငံ၊ သူ့လူမျိုးတို့ရဲ့အမြင်၊ သူတို့ရဲ့စရိုက်၊ ဓလေ့ရိုးရာအရ ကောင်းမွန်သော်ငြား မြန်မာ့အမြင်၊ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့နား၊ မျက်စိနဲ့ မဆီလျော်တာတွေလည်း အများသားလား။ အထူးသဖြင့် မြန်မာ့ကျေးလက်ဒေသ၊ တောရွာတွေရဲ့ ရှင်ပြု၊ နားသ အလှူမင်္ဂလာပွဲတွေ၊ ဘာသာရေးအခမ်းအနားပွဲတော်တွေဆို ပိုလို့တောင်မသင့်တော် မဆီလျော်ဘူးလို့ပဲ ဆိုရမယ်။

ကျွန်မတို့ကတော့ မြန်မာပီပီ ကျေးလက်တောရွာအလှူဆိုရင် **"မေးနေစရာလိုမယ်မထင်၊ မယ်ရင် မပြောဘဲ သဘောက အကုန်လုံးလင်၊ သူ့တွေ့မှ ဆူမယ်လေ၊ အလှူပေးတဲ့ရက် မနက်က မလာဘူးရှင်၊ ဗန္ဓုလသင်္ကန်းဆိုင်တွင် သူကိုယ်တိုင်ပဲဝင်၊ ဈေးချိုတော်အနောက်ဘက်မှာရှင် မောင့်ကိုယ်တိုင်ပဲဝင်၊ လူမြင်မှာရှက်လို့တဲ့တော်၊ ရေစက်ချတာတောင် ခဏမလာပေါင်ရှင်"** စတဲ့ လေဘာတီမမြရင်ရဲ့ အလှူဒကာသီချင်းမျိုးကိုပဲ နားထဲစွဲနေမိတယ်။

**သီဆိုတီးမှုတ် ကခုန်မှုတွေကို မျက်စိထဲစွဲနေ**

ပြီးတော့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန သက်လွှတ်ပွဲမျိုး အပါအဝင် ဘာသာရေး အခမ်းအနားပွဲတော်တွေဆိုရင်လည်း အိုးစည်ဝိုင်း၊ ဖြောဝိုင်း၊ ဒိုးပတ်ဝိုင်းတွေရဲ့ သီဆိုတီးမှုတ် ကခုန်မှုတွေကိုပဲ မျက်စိထဲစွဲနေမိတယ်။ ရှေးခေတ်အခါတုန်းကတော့ ကျေးလက်ဒေသက တောရွာတိုင်းလိုလို အိုးစည်ဝိုင်း၊ ဖြောဝိုင်းတွေရှိကြတယ်။ အခကြေးငွေယူပြီး တီးပေးကြတာမဟုတ်ဘူး။ ခင်မင်ရာခင်မင်ကြောင်း အလှူအတန်းတွေမှာ စေတနာနဲ့ အခမဲ့ကူညီ တီးမှုတ်ဖျော်ဖြေပေးကြတာမျိုးဖြစ်ပါတယ်။

မြန်မာ့ဆိုင်းဝိုင်းကတော့ မြန်မာတို့ရဲ့ အလှူမင်္ဂလာပွဲအခမ်းအနားတိုင်းမှာ သူမပါရင် ပွဲမစည်တဲ့ မပါမဖြစ် မြန်မာ့ရိုးရာအနုသုခုမပညာရပ်တစ်ခုပဲဖြစ်ပါတယ်။ ယနေ့ မျက်မှောက်ကာလတိုင် ကျေးလက်တောရွာတွေက အလှူမင်္ဂလာပွဲအခမ်းအနားတွေမှာ လက်ရှိနာမည်ကျော် အဆိုတော်တွေဖြစ်ကြတဲ့ မေသက်ထားဆွေတို့၊ အေးမြဖြူတို့လို မြန်မာသံစဉ်တေးသီချင်း အဆိုတော်တွေနဲ့ တွဲဖက်ဧည့်ခံဖျော်ဖြေနေဆဲပါ။ တကယ်တော့ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်ဆိုတာ သိမ်မွေ့ခြင်း၊ နူးညံ့ပျော့ပျောင်းခြင်း၊ အေးချမ်းသာယာခြင်းစတဲ့ သဘောသဘာဝ လက္ခဏာတွေအပြင် ရသကိုးပါးရှိပါတယ်။ ယင်းလက္ခဏာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ခဲ့သော် အနုပညာဂုဏ်ပျက်တယ်လို့ ပညာရှင်တွေက ဆိုကြပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး စတဲ့အနုသုခုမပညာရပ်တိုင်းဟာ သူ့စည်းသူ့ကမ်း၊ သူ့သဘာဝ လက္ခဏာကိုယ်စီနဲ့ပါ။ ယုတ်စွအဆုံး မင်းသမီး ထဘီဝတ်ပုံကအစ စည်းစနစ်ရှိပါတယ်။ ဒူးကားရမယ့် အနေအထား၊ ရပ်ရင်ဇလားပုံဖြစ်ရမယ်။ ဖနောင့်နှစ်ခုကို လက်တစ်မိုက်ကွာပြီးရပ်ရမယ်။ ဒူးဟာ တောင်ဆုပ်ရှိရမယ်။ ဒူးကားပြီးမှ ချိတ်ကို တိုးရမယ်။ ဒါမှ ထဘီအနားခတ်ရာမှာ ညက်ပြီးလွယ်မယ်။ မင်းသမီး ထဘီအနားဟာ အဖြူရောင်ဖြစ်ပြီး မျက်စိလို့ခေါ်တဲ့ အနက်စင်းသုံးတန်းရှိမယ် စတဲ့စည်းကမ်းချက်တွေရှိပါတယ်။ မင်းသမီးဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကကြိုးစုံအောင် ကတတ်ရမယ်။

အဆိုပညာရပ်ဆိုလည်း သီချင်းကို တစ်လုံးချင်းပီသအောင် အာဒြန်၊ လျှာဒြန့် ဆိုနည်းပုံစံ အာထား၊ လျှာထားဆိုပုံ ဆိုပေါက်၊ ဘယ်သံ၊ ညာသံ အတက်အကျ စတဲ့ နည်းစနစ်ပညာရပ်တွေရှိပါတယ်။ ရှေးခေတ်ကတော့ မင်းသားဖြစ်ဖြစ်၊ မင်းသမီးဖြစ်ဖြစ် ညာသံရော ဘယ်သံပါ သံကုန်ဟစ်ဆိုနိုင်မှ အသံကောင်းလို့ သတ်မှတ်ကြတယ်။ သံကုန်ဟစ်ဆိုတဲ့အခါ အချခက်တယ်။ တက်သံနဲ့ ကျသံ ပြေပြစ်ဖို့ခက်တယ်။ အသံကောင်းပေမယ့် တက်သံပြေပြစ်ငြားလည်း ကျသံပြေပြစ်အောင် မဆိုနိုင်၊ မဆိုတတ်ရင်တော့ သီချင်းလည်းပျက်၊ နားအရသာလည်း မရှိဘူးလို့ ပညာရှင်တွေက ဆိုကြတယ်။

**အောင်မောင်းအဟဲက နိုင်ငံတစ်ဝန်းမှာ ကျော်ကြား**

မြန်မာ့ဇာတ်သဘင် လောကမှာ သီချင်းအချကို ဟဲသံနဲ့ ဦးဖိုးစိန်က ပထမစတင်ဆိုပြခဲ့သလို အောင်မောင်းအဟဲက လည်း နိုင်ငံတစ်ဝန်းမှာ ကျော်ကြားခဲ့ပါတယ်။ ဦးဖိုးစိန်အဟဲက သံပြတ်သံဆစ်နဲ့ ဟဲပြီး အောင်မောင်းအဟဲက တစ်ဆက်တည်းသံမြှင့်ပြီး အာရိုက်ဟဲတဲ့အတွက် ဦးဖိုးစိန်အဟဲနဲ့ အောင်မောင်းအဟဲက မတူကြဘူးလို့ သတင်းစာဆရာ၊ စာရေးဆရာကြီး သခင်အောင်ဖေက သုံးသပ်ရေးသားခဲ့ဖူးပါတယ်။ ဒါ့အပြင် အောင်မောင်းအသံက ပရိသတ် ထောင်ပေါင်းများစွာကို အသံချဲ့စက်မပါဘဲ ပကတိမူရင်းအသံနဲ့ ပေါက်အောင်ဆိုနိုင်လို့ သူ့လိုအသံအောင်တဲ့ မင်းသားမျိုး မတွေ့သေးဘူးလို့လည်း ဆိုပါတယ်။

ဆိုင်းဝိုင်းဆိုလည်း လူအများ နားခံသာစေဖို့ ငြိမ့်ငြိမ့်ညောင်းညောင်း သာယာနာပျော်ဖွယ်ဖြစ်အောင် ကြေးကို ဦးစားပေးသင့်ကပေးရ၊ မောင်းကို ဦးစားပေးသင့်ကပေးရ၊ နှဲကိုဦးစားပေးသင့်က ပေးရပါတယ်။ နားမလည်သူအချို့ကတော့ ဆိုင်းတီးရင်မြည်မှ ကြိုက်ကြတယ်၊ မြည်အောင်တီးမှ ဆိုင်းကောင်းလို့ယူဆကြတယ်။ ရှေးခေတ်ဆိုင်းပညာရှင်ကြီးတွေကတော့ နားထောင်ချင့်စဖွယ်ဖြစ်အောင်၊ နားဝင်ချိုသာအောင်၊ ပီသအောင် တီးမှုတ်ဖျော်ဖြေခဲ့ကြတဲ့အတွက် ပရိသတ်တွေဟာ မြန်မာ့ဆိုင်းဝိုင်းကို အတော်စွဲမက်ခဲ့ကြပါတယ်။

**ဆိုင်းပညာရှင်ကြီး ဦးဟန်ပဆိုရင် ဆိုင်းပညာကို ရာနှုန်းပြည့် တတ်မြောက်သူဖြစ်**

ရှေးအခါက ဆိုင်းပညာရှင်ကြီး ဦးဟန်ပဆိုရင် ဆိုင်းသံကို စောင်းသံထွက်အောင်တီးနိုင်သလို ရှေးသီချင်းကြီး၊ သီချင်းခန့်များကို သရုပ်မှန်၊ မူမှန်တီးပြနိုင်တဲ့အတွက် ဆိုင်းပညာကို ရာနှုန်းပြည့် တတ်မြောက်သူဖြစ်ကြောင်း ဆိုင်းလောကကြီးတစ်ခုလုံးက အသိအမှတ်ပြုခဲ့ကြပါတယ်။ အောင်မောင်းဇာတ်မထွက်မီ ဦးဟန်ပရဲ့ ဧည့်ခံတီးလုံး (ဝါ) လူခေါ်တီးလုံး ဆိုင်းသံကြားရတာနဲ့တင် ပရိသတ်တွေဟာ လက်မှတ်ဝယ်ပြီး ရုံထဲဝင်ကြတော့တာပါပဲတဲ့။

ပြည်တော်သာဇာတ်က အညာဆိုင်းတွေ ရန်ကုန်မြို့မှာ လာရောက်တီးကြတဲ့အခါ စိန်မောင်ကို ဆိုင်းကို လူငယ်တွေ ခုံခုံမင်မင်ကြိုက်နှစ်သက်ခဲ့ကြတယ်လို့လည်း ဆရာကြီးသခင်အောင်ဖေက ဆိုပါတယ်။ ရန်ကုန်မြို့မှာလည်း နာမည်ကျော်ဆိုင်းတွေရှိခဲ့ကြရာမှာ လူကြီး လူငယ် လူရွယ် လူလတ် လက်ခံပြီး လူတကာစွဲမက်အောင် ပညာသားပါပါ အသုံးတော်ခံနိုင်တဲ့ ဆိုင်းကတော့ စိန်ဗိုလ်တင့်ပဲ ဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်က စိန်ဗိုလ်တင့်နဲ့ အမာစိန်တို့အတွဲဆိုရင် ရန်ကုန်လူထုအကြိုက်ဆုံးဖြစ်ခဲ့ပြီး လမ်းမဆံ့၊ ရပ်ကွက်မဆံ့အောင် ကြည့်ရှုခဲ့ကြပါတယ်။

**ဆိုင်းအမွေဟာ ကျေးလက်နဲ့ မြို့ပြဒေသတွေမှာ ဆက်လက်ရှင်သန်နေဆဲ**

စိန်ဗိုလ်တင့်နဲ့ အမာစိန်အတွဲဟာ တစ်ခေတ်က စိန်ဗေဒါနဲ့ လေဘာတီမမြရင်တို့ အတွဲညီပုံမျိုးလို့ ဆိုကြတယ်။ အမာစိန်နဲ့ စိန်ချစ်တီးအတွဲကိုလည်း ရန်ကုန်မြို့ခံလူထုက ကြိုက်ကြတယ်။ ဆိုင်းလောကရဲ့ စွယ်စုံရပညာရှင် စိန်ဗေဒါဟာ ဆိုင်းကိုမြည်အောင်တီးခြင်း မဟုတ်ဘဲ ပီသအောင်တီးတတ်သူလို့ ဆိုပါတယ်။ ဆရာစိန်မှ၊ စိန်ဗေဒါ၊ ဦးဟန်ပ၊ ဦးဘမောင်စတဲ့ ဆိုင်းပညာရှင်ကြီးတွေရဲ့ ထားရစ်ခဲ့တဲ့ ဆိုင်းအမွေဟာ ယနေ့တိုင် ကျေးလက်နဲ့ မြို့ပြဒေသတွေမှာ ဆက်လက်ရှင်သန်နေဆဲပါ။

ထို့အတူ ရှေးရှေးက ဂီတစာဆိုပညာရှင်ကြီးတွေ ရေးစပ်သီကုံးဖွဲ့ဆိုခဲ့တဲ့ သီချင်းကြီးလို့ခေါ်ကြတဲ့ ဘွဲ့၊ ယိုးဒယားပတ်ပျိုး စတဲ့သီချင်းကြီးတွေ၊ ဘောလယ်၊ တေးထပ်၊ ရတု၊ ရကန်များစွာဟာလည်း မျိုးဆက်သစ် အနုပညာရှင်တွေအတွက် သာမက နိုင်ငံတော်အတွက်လည်း တန်ဖိုးမဖြတ်နိုင်တဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေလည်း ဖြစ်ပါပေတယ်။

ရှေးဂီတစာဆိုပညာရှင်ကြီးတွေဟာ တေးသီချင်းတွေကို ရေးစပ်သီကုံးဖွဲ့ဆိုရာမှာ ကိုယ်စပ်ချင်သလိုစပ်၊ ရေးချင်သလို ရေးစပ်ခဲ့ကြတာမျိုးမဟုတ်ပါဘူး။ သီချင်းကြီး၊ ဘောလယ်၊ တေးထပ်၊ ယိုးဒယားပတ်ပျိုး၊ ဘွဲ့ စတာတွေကို သူ့စပ်နည်း စပ်ဟန်၊ စည်းကမ်းကလနား ဘောင်သတ်မှတ်ချက်နဲ့အညီ ရေးစပ်သီကုံးခဲ့ကြတာဖြစ်ပါတယ်။ ဆိုဟန်ဆိုလည်း ကိုယ်ကြိုက်သလိုဆိုလို့ရတာ မဟုတ်ပါဘူး။ ရတုနဲ့ ရကန်ဆိုနည်းမှာတောင် အသံတည်ပုံ၊ အသံအလေးအနက်၊ အတက်အကျ၊ အနိမ့်အမြင့် မတူဘူးလို့ဆိုပါတယ်။ သို့ကြောင့်မို့ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးဆိုတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို မြန်မာနိုင်ငံသားတိုင်း လေးစားတန်ဖိုးထားတတ်ကြဖို့ လိုပါတယ်။ မတိမ်ကော မပပျောက်အောင်လည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြဖို့ လိုပါတယ်။ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၇ သို့*

**"မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး စတဲ့အနုသုခုမပညာရပ်တိုင်းဟာ သူ့စည်းသူ့ကမ်း၊ သူ့သဘာဝ လက္ခဏာကိုယ်စီနဲ့ပါ။ ယုတ်စွအဆုံး မင်းသမီးထဘီဝတ်ပုံကအစ စည်းစနစ်ရှိပါတယ်။ ဒူးကားရမယ့် အနေအထား၊ ရပ်ရင်ဇလားပုံဖြစ်ရမယ်။ ဖနောင့်နှစ်ခုကို လက်တစ်မိုက်ကွာပြီးရပ်ရမယ်။ ဒူးဟာ တောင်ဆုပ်ရှိရမယ်။ ဒူးကားပြီးမှ ချိတ်ကို တိုးရမယ်။ ဒါမှ ထဘီအနားခတ်ရာမှာ ညက်ပြီးလွယ်မယ်။ မင်းသမီးထဘီအနားဟာ အဖြူရောင်ဖြစ်ပြီး မျက်စိလို့ခေါ်တဲ့ အနက်စင်းသုံးတန်းရှိမယ် စတဲ့စည်းကမ်းချက်တွေ ရှိပါတယ်။ မင်းသမီးဆိုလည်း ဆိုတတ်၊ ငိုတတ်၊ ကကြိုးစုံအောင် ကတတ်ရမယ်"**



# မြင့်မားသည့် ပညာရေးဖြင့်သာ နိုင်ငံဖွံ့ဖြိုးသာယာအောင် စွမ်းဆောင်နိုင်မှာပါ

ဒေါက်တာမောင်သင်း

*(ယမန်နေ့မှအဆက်)*

### နိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲမှုက အနှစ်ပါ၊ ဝါဒက အကာအဆင့်သာ

အထက်ပါ **“နိုင်ငံ၏ အချုပ်အခြာအာဏာ တည်မြဲမှုကအနှစ်၊ ဘယ်ဝါဒမဆိုအကာ”** ဟူသည့် အချက်ကို **“ငါနိုင်ငံရေးသမား”** ဆိုသူတိုင်းနှင့် နိုင်ငံသားအားလုံး မဖြစ်မနေ သိထားခံယူထားရန် လိုသည်။ မသိလျှင် အဆိုပါခံယူချက်ကင်းသူသည် နိုင်ငံရေးသမားမဟုတ်။ မသိလျှင် နိုင်ငံသားတိုင်း သိအောင် ပညာရေးက မဖြစ်မနေသင်ကြားပေးရမည်။ ခေတ်သစ်သမိုင်းတွင် တိုက်ယူ၍ရသော လွတ်လပ်ရေးမဟုတ်၍ လွတ်လပ်ရေးအစစ်မဟုတ် ဟုဆိုကာ မြန်မာ့လွတ်လပ်ရေးကို အသိအမှတ်မပြုဘဲ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခဲ့ကြခြင်း ဖြစ်ပေသည်။

၁၉၅၅ ခုနှစ်တွင် ရုရှားနိုင်ငံ ခေါင်းဆောင်များ ဖြစ်ကြသည့် ဘူဂါနင်နှင့် ကရုဇ်ရှက်တို့ မြန်မာပြည်လာလည်သောအခါမှပင် **“တို့နိုင်ငံက ကွန်မြူနစ်တွေကသာ အသိအမှတ် မပြုတာ၊ ကမ္ဘာ့ ကွန်မြူနစ်ကြီးကတော့ အသိအမှတ်ပြုလို့ လာလည်သွားပြီ”** ဟု ဝန်ကြီးချုပ် ဦးနုက မှတ်ချက်ပြုခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်တွင်းငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးစဉ်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီက **“နိုင်ငံကို ကွန်မြူနစ်ဝါဒ”** ဖြင့်သာ သွားလိုကြောင်း တင်းခံနေ၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ခဲ့ကြသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်က အတူလက်တွဲခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပမှ နိုင်ငံ့အချုပ်အခြာအာဏာ ယိုင်နဲ့အောင် အချင်းချင်း တိုက်ခိုက်နေကြသည်။ ကွန်မြူနစ်ဝါဒကောင်းကြောင်း၊ **“လက်ဝဲဝါဒ လွှမ်းမိုးလျှင် အမှန်အကျိုးများမည်”** ဟု ယုံကြည်၍ ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ကြီးများဖြစ်ကြသည့် သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ သခင်ဇင်၊ သခင်ချစ် စသူတို့သည် လူတော်ကြီးများ ဖြစ်ကြသည်။ ဂျပန်ကို တော်လှန်ရန် စတင်ဦးဆောင်သူမှာ သခင်စိုးဖြစ်သည်။ သခင်စိုးနှင့် သခင်သန်းထွန်းတို့မှာ မြန်မာ့သမိုင်းတွင် ကွန်မြူနစ်ဝါဒကို အလွန်ကျွမ်းကျင်ကြသူများ၊ ကျေညက်သူများဖြစ်ကြသည်။ ကွန်မြူနစ်နိုင်ငံ ထူထောင်၍ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသည်။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းအပေါ် စေတနာအလွန်ကြီးမားကြသည်။ သို့သော် ကွန်မြူနစ်ဝါဒဖြင့် နိုင်ငံထူထောင်ခွင့်မရသောအခါ နိုင်ငံ့အချုပ်အခြာအာဏာကို ယိုင်နဲ့သွားအောင်၊ ပြည်သူတွေ မငြိမ်းချမ်းအောင် လက်နက်စွဲကိုင်တော်လှန်ပုန်ကန်ကြတော့သည်။ ဝါဒအထက်က ဘာမှ မရှိ၊ ဝါဒသည်သာ ကိုးကွယ်ရာဟု ထင်လာကြသည်။

သူတို့မေ့နေကြသည့်အချက်မှာ **“ဝါဒကြောင့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးကို မထိခိုက်ရ၊ ပြည်သူမနစ်နာရ၊ ပြည်သူပျက်စီးရန်မဟုတ်၊ ဝါဒသည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့သာဖြစ်စေရမည်”** ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ တစ်ချိန်က နိုင်ငံတော်အတွက် ထိပ်တန်းမှ အားကိုးရလောက်အောင် တော်ကြသူများ၊ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များ ဖြစ်ကြသော်ငြားလည်း ဗမာပြည်ကွန်မြူနစ်တို့ရဲ့ စကားအရ **“ဝါဒမှိုင်းအဆိပ်သင့်”** ကာ နိုင်ငံနှင့် ပြည်သူကို ဖျက်ဆီးသည့် **“လျော်သူ”** များ ဖြစ်သွားကြပြီးလျှင် **“မြန်မာ့သမိုင်းစာမျက်နှာတွင် အမည်းစက်ရေးထိုးသူများ”** အဖြစ် မှတ်တမ်းတင်ခြင်းကို ခံကြရသည်။

တော်သော်လည်း ဝါဒမှိုင်းမိလျှင် တိုင်းဖျက်ပြည်ဆူ ဘဝရောက်နိုင်ကြောင်း သမိုင်းသင်ခန်းစာထားခဲ့ပေသည်။ လွတ်လပ်ရေးရပြီးကာလတွင် ရောင်စုံသူပုန်ထရခြင်းမှာ လက်ဝဲစာပေ တစ်ဖက်စောင်းနင်းထုတ်ဝေမှုကြောင့် ပြည်သူများ စာပေအဆိပ်သင့်၍ ဖြစ်ပေါ်လာရသည့် နိုင်ငံရေးကျိုန်စာ ဟု ပညာရှင်တချို့က ရှုမြင်သုံးသပ်ကြသည်။

### ဒီမိုကရေစီတံခါး မြန်မာပြည်မှာဖွင့်တာ စောခဲ့လေရော့သလား

ယနေ့ကမ္ဘာတစ်လွှားတွင် အထူးသဖြင့် အာဏာရှင်နိုင်ငံဟု စွပ်စွဲခံရ၍ **“အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှု”** ဟူ၍ ပေါ်ပေါက်ခဲ့သည်။ ဒီမိုကရေစီကို အနောက်နိုင်ငံအတိုင်း ပုံတူကူးချ၍ မရပေ။ မိမိလူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် လိုက်လျောညီထွေစွာ ကျင့်သုံးနိုင်ရပေမည်။ ကမ္ဘာ၏ ဘယ်နေရာရောက်ရောက် ယင်းကို လူ့အဖွဲ့အစည်းငြိမ်းချမ်းရန်၊ သာယာရန်၊ ဖွံ့ဖြိုးရန် အတွက်ပါ။ ဒီမိုကရေစီလူ့အခွင့်အရေး၊ လစ်ဘရယ် စသည်တို့သည် လူ့အဖွဲ့အစည်းကို ဖျက်ဆီးရန် လက်ကိုင်တုတ်မဟုတ်တာတော့ သေချာသည်။ တကယ်တမ်း “အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှု” ရလဒ်သည် နိုင်ငံ၏ အချုပ်အခြာအာဏာပျက်သုဉ်းကာ မင်းမဲ့စရိုက်ဖြစ်လာသည်။ အုပ်ချုပ်ရေးအာဏာ ပျက်သုဉ်းလာသည်။ နှစ်ရှည်လများ တည်ဆောက်လာခဲ့သည့် အခြေခံအဆောက်အအုံများနှင့် အစားပြန်မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များပါ အဆစ်ပါဝင်ခဲ့ပေသည်။

ဒီမိုကရေစီ၊ လစ်ဘရယ်နှင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း အေးချမ်းမှု၊ အချုပ်အခြာတည်မြဲမှု ဘယ်အရာက ပိုအရေးကြီးပါသလဲ။ ဒီမိုကရေစီ၊ လစ်ဘရယ်တို့က နိုင်ငံတစ်နိုင်ငံ၏ မူလအခြေခံ အနှစ်သာရများဖြစ်ကြသည့် လွတ်လပ်ရေး၊ နိုင်ငံ့နယ်နိမိတ် တည်တံ့ခိုင်မြဲရေး၊ နိုင်ငံ၏ အချုပ်အခြာအာဏာထက် ပိုအရေးကြီးသယောင် ယနေ့စာပေဝါဒဖြန့်သူများနှင့် မီဒီယာသမားများက အဆိပ်ကြဲဝါဒဖြန့်ဝေခဲ့သည်။ အာရပ်နွေဦးဒီမိုကရေစီ လှုပ်ရှားမှုများမှ အထူးသဖြင့် အီရတ်၊ လစ်ဗျားနိုင်ငံတို့တွင် ပြည်သူများလည်း ဒုက္ခရောက်၊ နိုင်ငံ့အချုပ်အခြာအာဏာကလည်း ထိရောက်မှုမရှိတော့သဖြင့် ပြည်သူများ ကျိုးလန့်စာစားနေရသည်။ စာပေနှင့်မီဒီယာအဆိပ်ကြောင့် အာရပ်နိုင်ငံသားပြည်သူတို့ နိုင်ငံရေးကျိန်စာသင့်မှုဒဏ်ကို ခံနေရလေပြီ၊ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ထိုအဆိပ်မျိုး ခေတ်အဆက်ဆက် အကျွေးခံခဲ့ရသည်။ ကွန်မြူနစ်ဝါဒ မှေးမှိန်သွားပြီးနောက် ဒီမိုကရေစီ၊ လစ်ဘရယ်၊ လူ့အခွင့်အရေး၊ ကျားမတန်းတူစသည့် စကားလုံးတွေသုံး၍ အဆိပ်ကျွေးခံခဲ့ရသည်။

သို့သော် နိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲမှု ပြိုလဲစေရန် အဆိပ်ကျွေးနေကြောင်း ပြည်သူများကလည်း လုံးဝမရိပ်မိ၊ မသိခဲ့ကြပါ။ ကျွန်တော်တို့၏ ပညာရေးနိမ့်ခဲ့၍ ပြည်သူတို့ အသိဉာဏ်ဆင်းရဲခဲ့မှုကြောင့်ဖြစ်ပါသည်။ ဤသည်ကို အမျိုးသားကျောင်းအုပ်ဆရာကြီးဘဝမှ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် (ငြိမ်း) တက်လှမ်းသွားသူ မြန်မာ့သားကောင်း ဦးသန့်က **“ဒီမိုကရေစီစနစ်အောင်မြင်ရန် နိုင်ငံသားများသည် အသိဉာဏ်ပညာနှင့် ပြည့်စုံရမည်၊ အသိဉာဏ်ပညာချို့တဲ့ပါက ဒီမိုကရေစီသည် ဗရုတ်သုတ်ခကိုသာ ဖြစ်ပေါ်စေလိမ့်မည်”**ဟုဆိုခဲ့ပါသည်။

**“ဒီမိုကရေစီစနစ်ကျင့်သုံးမှုတွင် ပညာရေး၏ အရေးပါမှု”** ကို နှစ်ပေါင်း ၈၀ ခန့်ကပင် ကြိုတင် ဟောကိန်းထုတ်ခဲ့ပေသည်။ ဦးသန့်၏ ဟောကိန်းအတိုင်း ယနေ့မြန်မာ့ပြည်သူများ ဗရုတ်သုတ်ခ ဒီမိုကရေစီဒဏ်ကို ခံစားနေရပေပြီ။ ဤသို့ ဖြစ်ပေါ်ရခြင်းမှာ **“နိုင်ငံသားများ အသိဉာဏ်ပညာရည် မြင့်မားမှုအဆင့်မဖြစ်သေးသည့် မြန်မာ့မြေပေါ်မှာ ဒီမိုကရေစီကို ကျင့်သုံးစေမှု”** ကြောင့်လားဟု တွေးမိပါသည်။ မြန်မာ့မြေမှာ **“ဒီမိုကရေစီ တံခါးဖွင့်တာ စောလွန်းလေသလား”** ဟု မေးစရာ ဖြစ်လာပါသည်။ အကြောင်းမဲ့တော့ မဟုတ်ပါ။ ယနေ့တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဖွံ့ဖြိုးမှုကိုကြည့်ပြီး အဆိုပါမေးခွန်း ပေါ်ထွက်လာရခြင်း ဖြစ်ပါသည်။

ထို့အတူ အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှုကြောင့် အာရပ်ပြည်သူများ ဗရုတ်သုတ်ခ ဒီမိုကရေစီဒဏ်ခံနေရမှုများကလည်း သက်သေခံနေပါသည်။ သူတို့ပြည်သူများ၏အသိဉာဏ်ကလည်းနိမ့်နေသေးပါသည်။ တစ်နည်းအားဖြင့် အသိဉာဏ်ဆင်းရဲမှု၏ ရလဒ်ပါ။ ဒီမိုကရေစီကို ကျင့်သုံးလိုလျှင် ပထမခြေလှမ်းမှာ နိုင်ငံသားများ အသိဉာဏ်မြင့်မားလာအောင် ပညာရေးကိုမြှင့်တင်ပေးရပေမည်။ မြင့်မားသည့် ပညာရေးကသာ နိုင်ငံရေးကျိန်စာသင့်ပြီး နိုင်ငံနှင့်လူ့အဖွဲ့အစည်းပျက်စီးမှုကို ကာကွယ်နိုင်ပေလိမ့်မည်။ မြန်မာ့ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးပေလိမ့်မည်။

❖ ပညာရေးကိုရှေ့တန်းက အကောင်အထည်ဖော်နေသူများမှာ ကျောင်းဆရာများပါ။ မြန်မာ့ဆရာများသည် လူ့အဖွဲ့အစည်းဝင် တပည့်မျိုးဆက်များကို “ဘေးရန်ဆီးကာ” ဆိုသည့် မြင့်မြတ်တာဝန်ကို ထမ်းဆောင်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ နိုင်ငံကာကွယ်ရေးဟု ဆိုလိုက်လျှင် လက်နက်ကိုင်ကာကွယ်ရေးကို သာမန်အားဖြင့် မြင်နေကြသည်။ “လက်နက်ကိုင်၍ ကာကွယ်ခြင်း”သည် ဒုတိယအဆင့်ကာကွယ်ရေး လုပ်ငန်းစဉ်ဟု ဆိုချင်ပါသည်

❖ ကမ္ဘာတစ်လွှား၌ မြင့်မားသောပညာရေးကို ကျင့်သုံးနေသည့်နိုင်ငံများတွင် “နိုင်ငံရေးကျိန်စာသင့်မှု” မရှိပေ။ အဘယ်ကြောင့်ဆိုသော် ပြည်သူများသည် ဝေဖန်ပိုင်းခြားနိုင်မှု ဉာဏ်ရည်မြင့်မားသောကြောင့် ဖြစ်ပေသည်။ ပညာရေးမြင့်လျှင် နိုင်ငံရေးကျိန်စာ တိုက်၍မရပါ။ ထို့ကြောင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုး၏။ ဤသည်ကို ပညာရေးမှာ တာဝန်ရှိသူများနှင့် နိုင်ငံသားများလည်း ကွင်းကွင်းကွက်ကွက်မြင်ကာ သတိပြုပြီး ပညာရေးကိုမြှင့်တင် ပေးစေချင်ပါသည်

### ပညာရေးသည် နိုင်ငံ၏ အဓိက ကာကွယ်ရေးလုပ်ငန်းပါ

**“တကယ်တော့ နိုင်ငံကာကွယ်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များတွင် တာဝန်ရှိသလောက် ကျောင်းဆရာများမှာလည်း တာဝန်ရှိသည်။ ဤသည်မှာ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံတို့၏ အစဉ်အလာဖြစ်ပေသည်”** တဲ့။ ပြောကြားခဲ့သူက ၂၀ ရာစုတွေးခေါ်ပညာရှင်ကြီး **“ဘာထရန် ရပ်ဆယ်”**ပါ။ ပညာရေးကိုရှေ့တန်းက အကောင်အထည်ဖော်နေသူများမှာ ကျောင်းဆရာများပါ။ မြန်မာ့ဆရာများသည် လူ့အဖွဲ့အစည်းဝင် တပည့်မျိုးဆက်များကို **“ဘေးရန် ဆီးကာ”** ဆိုသည့် မြင့်မြတ်တာဝန်ကို ထမ်းဆောင်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ နိုင်ငံကာကွယ်ရေးဟု ဆိုလိုက်လျှင် လက်နက်ကိုင်ကာကွယ်ရေးကို သာမန်အားဖြင့် မြင်နေကြသည်။ **“လက်နက်ကိုင်၍ ကာကွယ်ခြင်း”**သည် ဒုတိယအဆင့်ကာကွယ်ရေး လုပ်ငန်းစဉ်ဟု ဆိုချင်ပါသည်။

ပထမကာကွယ်ရေးခံကတုတ် ကျိုးပေါက်ခဲ့၍သာ **“ဒုတိယ ကာကွယ်ရေးအဆင့်”** ဆီ ရောက်ရှိလာတာပါ။ ပထမခံကတုတ်က **“ပညာရေးရဲ့ကျောင်းများက စာသင်ခန်းတွေ”**ပါ။ အဆိုပါစာသင်ခန်းများမှာ ဖော်ဆောင်နေရမည့် ကာကွယ်ရေးလုပ်ငန်းများမှာ လူသားတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်း တစ်ခုလုံးအား –

- (က) အသိဉာဏ်ပညာဆင်းရဲမွဲတေမှုကင်းဝေးစေပြီး အသိဉာဏ်ပညာမြင့်မားအောင် သင်ကြားပေး၍ကာကွယ်ခြင်း၊
- ( ခ ) လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေမည့် စိတ်ထားနိမ့်ကျမှုကို ပပျောက်စေပြီး လူ့အဖွဲ့အစည်းကောင်းကျိုးကို သယ်ပိုးသည့် မြင့်မြတ်စိတ်ထားများဖြစ်ထွန်းလာအောင် လေ့ကျင့်ပေး၍ကာကွယ်ခြင်း၊
- ( ဂ ) အကျင့်စာရိတ္တ ချွတ်ခြုံကျမှုမှ ကင်းဝေး၍ စာရိတ္တမဏ္ဍိုင်ပြည့်ဝသည့် နိုင်ငံသားများ ဖြစ်လာအောင် လေ့ကျင့်ပေး၍ ကာကွယ်ခြင်း၊
- (ဃ) မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံနှင့် ပျူငှာမှု စသည့်အမျိုးသားရေး “စံ” များ ပျက်သုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းခြင်း၊
- ( င ) အစွန်းရောက်မှုမြင့်မားခြင်းနှင့် တရားမျှတမှုကင်းမဲ့ခြင်းတို့ ပျောက်ကွယ်သွားအောင် သင်ကြားလေ့ကျင့်ပေး၍ ကာကွယ်ခြင်း၊

စသည်တို့ဖြစ်ပါသည်။

လူသားတိုင်းတွင် အထက်ပါအရည်အသွေးများ နိမ့်ကျမှုနှုန်း မြင့်မားလာလျှင် ဓမ္မနှင့် အဓမ္မ၊ ကောင်းမှု၊ ဆိုးမှု တိုင်းဖျက်ပြည်ဆူလား၊ တိုင်းကျိုးပြည်ပြုလား ခွဲခြားနိုင်မှု ကင်းဝေးကာ ပြောသမျှယုံ၊ မှိုင်းတိုက်သမျှ အဟုတ်ထင်၍ လူ့အဖွဲ့အစည်း ပျက်စီးရာကို လုပ်ဆောင်လာကြတော့သည်။

ပညာရေးသည် နိမ့်ကျ၍မရ၊ မြင့်ကိုမြင့်မားမှသာ ဖြစ်ပေမည်။ မြင့်မားသည့်ပညာရေး၏ ကျောင်းစာသင်ခန်းများတွင် အထက်ပါ တန်ဖိုးမြင့် လူသား၏

*စာမျက်နှာ ၁၇ သို့*

# လူကုန်ကူးခြင်း ကင်းပါစေ

* လူအချင်းချင်း၊ လှည့်ပတ်ခြင်းမှ
ကင်းရှင်းကြစေ
မိန့်ခြွေစကား၊ နှုတ်တော်ဖျားမှ
ဟောကြားညွှန်ပြ မြတ်ဗုဒ္ဓ...။

* သို့သော်လူများ၊ စိတ်ထားမမှန်
မြဲအကြံထုတ်၊ ဆိုးယုတ်ပက်စက်
ဆောင်ရွက်ချက်များ၊ လွန်ဆိုးရွားခဲ့။

* တစ်ဖန်သမိုင်း၊ ရှုတိုင်းတွေ့ရ
မြင်ကြရပါ၊ စိတ်မှာယွင်းဖောက်

* အနောက်ကမ္ဘာ၊ တစ်ချိန်ခါက
မှန်စွာဖြစ်ဖူး၊ ဟီးဘရူးနှင့်
ကုန်ကူးကြပြန်၊ ဘာဘေရီယန်များ
ခေတ်ထွန်းကားခဲ့
လူသားကျွန်ဖြစ် ထိုတစ်ခေတ်...။

* သားရောင်ခွဲခြား၊ ထိုစိတ်များကြောင့်
လူသားချင်းသာ၊ ဖြစ်တုံပါလည်း
လူမည်းအစုံ
ရောင်းကုန်အဖြစ်၊ ကျွန်စင်စစ်လျှင်
စွန့်ပစ်ရောင်းစား ထင်အရှား...။

* ယနေ့ကမ္ဘာ၊ ခုချိန်ခါတွင်
ပေါ်လာတစ်ဖန်၊ မူဟန်တစ်မျိုး
ခိုးဝှက်ရောင်းချ၊ ခံကြရသော်
ဘဝနံ့နဲ့၊ အရင်းမဲ့တို့
လှည့်စားမူပို၊ လူမှောင်ခိုဝယ်
ပြိုဆင်းလဲမှောက် ဒုက္ခရောက်...။

* သက်ရှိစင်စစ်၊ ရောင်းကုန်ဖြစ်၍
ခေတ်သစ်ကျွန်ဇာတ်၊ ဖြစ်ခဲ့လတ်မူ
ကျိုးပြတ်ကြေမွ၊ ညှိုးနွမ်းရသည့်
ဘဝများတွေ့၊ ရှိခဲ့ပေမို့
ညွှန်းစေသတိ၊ အစဉ်ရှိလျက်
အသိတရား၊ လက်ကိုင်ထားကာ
ရှောင်ရှားနိုင်စေ လူကုန်ကူး...။
ဝိုင်းဝန်းတိုက်ဖျက် ပြည့်ရန်ဆုး...။ ။

ဘိုမျိုး(ရွှေဘို)

*စာမျက်နှာ ၁၅ မှ*

နိုင်ငံတော်အစိုးရ အဆက်ဆက်ကလည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်မပျက်ကျင်းပပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် အထိ ကာလအတွင်းမှာတော့ ကျင်းပပေးခဲ့ခြင်းမရှိဘဲ ခေတ္တရပ်ဆိုင်းပြတ်တောက်သွားခဲ့ရာမှ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာ ၂၀၂၂ ခုနှစ်ကစတင်ပြီး ခမ်းနားစည်ကားစွာ ပြန်လည်ကျင်းပပေးခဲ့ပါတယ်။

မကြာမီကျင်းပတော့မယ့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုရင် ငွေရတုသက်တမ်း ပြည့်မြောက်လာခဲ့ပါပြီ။ နိုင်ငံတော်အစိုးရကလည်း ငွေရတုအထိမ်းအမှတ်အဖြစ် ပြိုင်ပွဲကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က အရှည်မြော်တွေးကာ ငွေရတုကာလတိုင်အောင် ငွေကုန်ကြေးကျခံပြီး ပြုလုပ်အားပေးခဲ့တဲ့အတွက်ကြောင့်မို့လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ဟာ မတိမ်ကော မပျောက်ကွယ် ခါးဆက်ပြတ်မသွားဘဲ နိုင်ငံအနှံ့အပြားက ရွက်ပုန်းသီးမျိုးဆက်သစ် အနုပညာရှင်များစွာကို ပြိုင်ပွဲကြီးကတစ်ဆင့် ဆက်လက်မွေးထုတ်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

မသိနားမလည်သူတွေအဖို့ကတော့ အပိုအလုပ်တွေလို့ ပေါ့ပေါ့တွေးလွယ်လွယ်ပြောချင် ပြောကြလိမ့်မယ်။ သို့ပေမယ့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွေသာ မရှိခဲ့ရင်၊ ရှိသော်လည်း အချိန်အတန်ကြာ မကျင်းပနိုင်ခဲ့လို့ရှိရင် အနာဂတ် မြန်မာ့ကျေးလက်ဒေသတောရွာတွေရဲ့ အလှူမင်္ဂလာပွဲတွေ၊ ရှင်ပြုနားသ စတဲ့ ဘာသာရေးအခမ်းအနားပွဲတော်တွေမှာ မင်္ဂလာကျက်သရေရှိတဲ့ မြန်မာသံစဉ်တေးသီချင်းတွေ၊ အိုးစည်၊ ဒိုးပတ်၊ မြန်မာ့ဆိုင်းဝိုင်းတွေအစား ခုနက ခုတင်ခင်း Rap သီချင်းနဲ့ တွန့်လိမ်ကောက်ကွေး အဆိုအကတွေ၊ ဗုံမဟုတ်ပတ်မဟုတ် ဖားတစ်ပိုင်းငါးတစ်ပိုင်း ဖက်စပ်အဆိုအကတွေကိုပဲ ကျွန်မတို့သာမက နောင်လာနောက်သားတွေပါ ကြည့်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ တဖြည်းဖြည်း ဆယ်စုနှစ်များစွာ အချိန်ကြာလာတာနဲ့အမျှ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာဆိုတာကို နိုင်ငံခြားတိုင်းပြည်တွေ မဆိုထားဘိ ကိုယ့်သားစဉ်မြေးဆက်တွေကိုတောင် ရေရေရာရာလက်ညှိုးထိုးပြစရာ ကျန်မှာမဟုတ်တော့ပါဘူး။

သို့အတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့အညီ မကြာမီကျင်းပတော့မယ့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျွန်မတို့ဂုဏ်ပြုကြိုဆိုရင်း လက်ခုပ်သြဘာသံအပြည့်နဲ့ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက်အားပေးကြပါစို့။ ။

**ကိုးကား။ သခင်အောင်ဖေ၏ "ဂီတဆိုသည်မှာ" နှင့် "သဘင်သုံးရပ်အရေး" ဆောင်းပါးများ။**

*စာမျက်နှာ ၁၆ မှ*

အရည်အသွေးများ တောက်ပလာအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်ပေးနေရပါမည်။ တကယ်တော့ မည်သည့်လူသားကလေးငယ်မှ မွေးကတည်းက လူ့အဖွဲ့အစည်းပျက်သုဉ်းရန် တိုင်းဖျက် ပြည်ဆူရန်၊ တိုင်းကျိုးပြည်ကျိုး သယ်ပိုးရန်ဟူ၍ မွေးဖွားလာခြင်းမဟုတ်ပါ။ သို့သော် ကြီးပြင်းလာသည့် ဘဝတစ်လျှောက်တွင် လေ့ကျင့်ခံရသည့်၊ ရရှိသည့် ပညာရေးကွာခြား၍ လူ့အရည်အသွေး အနိမ့်အမြင့် ဖြစ်ပေါ်လာပါသည်။

တကယ်တော့ **"ပညာရေးသည် လူသားတိုင်းကို လူ့အဖွဲ့အစည်းပျက်သုဉ်းစေမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပပျောက်သွားစေပြီး လူ့အဖွဲ့အစည်း ကောင်းကျိုးကိုသယ်ပိုးစေမည့် ဗီဇကောင်းများ ပေါ်ထွက်လာ၊ ထက်မြက်သည်ထက် ပိုထက်မြက်လာအောင် လေ့ကျင့်ပေးခြင်း"** ဖြစ်ပါသည်။ ပညာရေး၏ မူလအဓိပ္ပာယ်ကိုက Education (E = Out, Ducare = to lead, bring) ပါတဲ့။ လက်တင်စကားနှစ်လုံး (E+ ducare) ပေါင်းထားတာပါ။ **"လူသား၏ မွေးရာပါ အရည်အသွေးကောင်းများ၊ ဗီဇကောင်းများကို ပိုမိုထက်မြက်လာအောင်၊ ပေါ်လွင်လာအောင် ဆွဲထုတ်ခြင်း"** လုပ်ငန်းသည် ပညာရေးဟု အဓိပ္ပာယ်ရပါသည်။ ထိုအဓိပ္ပာယ်ကို ဖော်ဆောင်၍ နိုင်ငံသားကောင်း စစ်စစ်၊ လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လူသားဖြစ်ထွန်းရန် လေ့ကျင့်ပေးနိုင်ပြီဆိုလျှင် မြင့်မားသည့်ပညာရေးဟု ခေါ်ဆိုနိုင်သည်။

မြန်မာ့သမိုင်းတွင် နဂါးနီစာအုပ်အသင်း၏ တော်လှန်ရေးနှင့် လက်ဝဲဝါဒတစ်ခုတည်းသာကောင်း၏ဟု စာပေအဆိပ်သင့်ဒဏ်ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် အချုပ်အခြာအာဏာကို ယိုင်နဲ့အောင်လုပ်ကာ တိုင်းပြည်ဖွံ့ဖြိုးမှုကို ရှေ့တန်းမှ နှောင့်ယှက်သည့် လုပ်ငန်းကိုလုပ်ရင်း ပြိုလဲသွားခဲ့သည်။ သူတို့လိုတော်သူများကောင်းခဲ့ပြီး နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်လာခဲ့လျှင် နိုင်ငံသည် ငြိမ်းချမ်းဖွံ့ဖြိုးနိုင်၏။ ယခုလည်း ဒီမိုကရေစီ၊ လစ်ဘရယ် လူ့အခွင့်အရေးစကားလုံးများဖြင့် စာပေနှင့် မီဒီယာအဆိပ်သင့်ကာ **"နိုင်ငံ့အချုပ်အခြာအာဏာပျက်သုဉ်းအောင်"** ဆောင်ရွက်လာခဲ့သည်။ ဆောင်ရွက်နေကြဆဲဖြစ်ပေသည်။

မျက်မှောက်ကာလအခြေအနေသည် တိုင်းဖျက်ပြည်ဆူတို့ နည်းမျိုးစုံဖြင့်ခတ်သော "စာပေနှင့် မီဒီယာအဆိပ်သင့်သည့်ဒဏ်"ကို ပြည်သူတွေခံနေရခြင်းဖြစ်သည်ဟု မြင်မိပါသည်။ ပြည်သူများ **"ဤကဲ့သို့အဆိပ်ခတ်ခံရခြင်း"** ဟူသည်မှာ ဦးသန့်မိန့်ဆိုသကဲ့သို့ နိုင်ငံသားအများစုမှာ ပညာကိုယ်ခံအားနည်း၍ ဖြစ်ပါသည်။ ပြည်သူများ **"ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု ပညာကိုယ်ခံအားနိမ့်ကျနေ"** ၍ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် **"ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်း၏ရလဒ်"** ဖြစ်ပေသည်။ ထိုသို့မဖြစ်ရန် ပညာရေးက မဖြစ်မနေ လေ့ကျင့်ပေးရပါလိမ့်မည်။

ဘရုခ် (Bruke) ဆိုသည့်ပညာရှင်ကလည်း **"နိုင်ငံကာကွယ်ရေး၏ အဓိက လုပ်ငန်းသည် ပညာရေးပါ"** တဲ့။ မြန်မာနိုင်ငံသားမည်သူမှ စာပေ၊ မီဒီယာမှတစ်ဆင့် အဆိပ်သင့်ခြင်း မခံရလေအောင် ပညာရေးက မြှင့်တင်ကာ ကာကွယ်တားဆီးရပါလိမ့်မည်။ နောင်တွင်လည်း ယနေ့ပေါ်ပေါက်ခဲ့သည့် ကွန်မြူနစ်ဝါဒ၊ ဒီမိုကရေစီ၊ တန်းတူညီမျှရေး လူ့အခွင့်အရေးများကဲ့သို့ အသစ်အသစ်သော ဝါဒ၊ အယူအဆ၊ အတွေးအခေါ်များ ပေါ်ပေါက်လာပါလိမ့်ဦးမည်။ ယင်းတို့ကို စာပေနှင့် မီဒီယာများမှတစ်ဆင့် တိုင်းဖျက်ပြည်ဆူလုပ်လိုသူများက မြန်မာ့လူထုကို အဆိပ်ဆက်လက်၍ ခတ်ကြပေဦးမည်။ အဆိပ်ခတ်တိုင်း၊ မှိုင်းတိုက်တိုင်း မြင့်မားသည့် ပညာရေးက လေ့ကျင့်ပေးထားသည့် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဉာဏ်ရည်ပြည့်ဝသည့် နိုင်ငံသားများသည် ဆရာကြီး ဇော်ဂျီ၏ **"သူ့အပြုံး"** ကဗျာမှာ ရေးဖွဲ့ထားသကဲ့သို့ **"ငါ့အားသင်ပေး၊ မယဉ်ကျေးသည့်၊ ဆဲရေးတိုင်းထွာ၊ ဆဲတစ်ရာကို ငါလက်မခံ"** ဆိုသည့်အတိုင်း အဆိပ်ကျွေးနေသည်ကို အဆိပ်ကျွေးမှန်းသိကာ မှိုင်းတိုက်နေသည်ကို အဆိပ်ငွေ့မှန်းသိကာ လက်ခံကြလိမ့်မည်၊ ရှူကြလိမ့်မည် မဟုတ်ကြတော့ပေ။ မြင့်မားခိုင်ခံ့သည့် ပညာရေးတံတိုင်းက ကာကွယ်ထားပြီးဖြစ်နေပါသည်။

ထိုသို့ အသိဉာဏ်ကြွယ်ဝသည့် မြန်မာနိုင်ငံသားများဖြစ်ထွန်းရန် မြန်မာ့ပညာရေးသည် ယနေ့လို "စာမေးပွဲရမှတ်ပြိုင်ပွဲ" မှာ ပျော်မွေ့နေသည့် လမ်းကြောင်းမှခွဲထွက်၍ နိုင်ငံတကာမှာ ကျင့်သုံးနေသည့် **"ဝေဖန်ပိုင်းခြားနိုင်မှု ရင့်သန်စေသည့်လမ်းကြောင်း"** သို့ ဦးတည်လျှောက်လှမ်းရန် မလွဲမသွေလိုပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယနေ့လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ဒီမိုကရေစီဗရုတ်သုတ်ခဖြစ်မှုအပါအဝင် အခြားသောကောင်းမှု၊ ဆိုးမှုမှန်သမျှသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကာလက **"စာမေးပွဲရမှတ်ပြိုင်မှု"** လောက်သာလေ့ကျင့်ပေးခဲ့ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး **"တွေးခေါ်မြော်မြင်တတ်သည့် ဉာဏ်ရည်မြင့်မားစေမှုကို လေ့ကျင့်ပေးခြင်း အားနည်းခဲ့သည့် ပညာရေး၏ ရလဒ်"** ပင်ဖြစ်သည်ဟု သုံးသပ်မိပါသည်။

ကမ္ဘာတစ်လွှား၌ မြင့်မားသောပညာရေးကို ကျင့်သုံးနေသည့်နိုင်ငံများတွင် **"နိုင်ငံရေး ကျိန်စာသင့်မှု"** မရှိပေ။ အဘယ်ကြောင့်ဆိုသော် ပြည်သူများသည် ဝေဖန်ပိုင်းခြားနိုင်မှု ဉာဏ်ရည်မြင့်မားသောကြောင့် ဖြစ်ပေသည်။ ပညာရေးမြင့်လျှင် နိုင်ငံရေးကျိန်စာ တိုက်၍မရပါ။ ထို့ကြောင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုး၏။ ဤသည်ကို ပညာရေးမှာ တာဝန်ရှိသူများနှင့် နိုင်ငံသားများလည်း ကွင်းကွင်းကွက်ကွက်မြင်ကာ သတိပြုပြီး ပညာရေးကိုမြှင့်တင်ပေးစေချင်ပါသည်။ သို့ပါ၍ **"ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်လိုလျှင် ပညာရေးကို မြှင့်တင်ခြင်းမှ တစ်ပါးအခြားနည်းလမ်းမရှိပေ"** ဆိုသည့် ရုရှားပညာရှင် **"မာကာရင်ကို"** ၏ အဆိုကို ထောက်ခံရင်း မြန်မာတွေ ပညာရေးနိမ့်ကျမှုကြောင့် ကျွန်ဖြစ်ခဲ့ရခြင်း၊ ခေတ်သစ်ကိုလိုနီနယ်ချဲ့များက အဝေးထိန်းစနစ်ဖြင့် ယနေ့တိုင်ကျွန်ပြုလို၍ အဆိပ်ခတ်ခြင်းကို ခံနေခြင်းနှင့် နောင်တွင်စာပေနှင့် မီဒီယာအဆိပ်သင့်ခြင်းအပါအဝင် အမျိုးမျိုးသော ပယောဂအပေါင်းကြောင့် နိုင်ငံရေးကျိန်စာသင့်ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးရေးနိမ့်ကျမှုအပေါင်းမှ ကင်းဝေးပြီး နိုင်ငံဖွံ့ဖြိုးရေးဆောင်ရွက်မှုနှုန်းကို မြှင့်တင်နိုင်စေရန် **"နိုင်ငံတည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုအစ၊ မြင့်မားသည့်ပညာရေးက"** ဟု ယုံကြည်မိပါသဖြင့် မြန်မာ့ပညာရေးကို မြှင့်တင်ပေးနိုင်ကြပါရန် ကျောင်းဆရာကျွန်တော်၏ **"ပညာရေးဖြင့် နိုင်ငံဖွံ့ဖြိုးရေးအမြင်"**ကို တင်ပြလိုက်ရပါသည်။ ။

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများ အနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပ အလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထား ရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ် နိုင်ငံကူးလက်မှတ် (Passport for Visit–PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ ထွက်ခွာခွင့် မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များ ဆုံးရှုံးရသည့် ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job – PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် ရေနစ်မြုပ်ပျက်စီးခဲ့သော ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ် (အရှေ့) ကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စုများ၊ တပ်ကုန်းမြို့နယ် ရှောက်ကုန်းရွာ၊ ကျို့ပင်ကုန်းရွာ၊ ကံကြီးကျေးရွာတို့ရှိ ရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်တစ်တင်းခွဲအိတ် ၄၂ အိတ်၊ ဆီပိဿာ ၂၀၀၊ မီးဖိုချောင်သုံး ပစ္စည်းများဖြစ်သည့် ဒန်အိုးအစုံ ၃၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် မနှင်းဆီကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ တပ်ကုန်းမြို့နယ် ဘုရင့်နောင် ဘိုးဘွားရိပ်သာ ရေဘေးကယ်ဆယ်ရေး စခန်းနှင့် မဟာဇနကကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်တစ်တင်းခွဲ အိတ် ၃၅ အိတ်၊ ဆီ ၄၇ ပိဿာ၊ ဆား ၁၅ ပိဿာ၊ စည်သွတ်ဘူး ၂၁၀၀၊ အဝတ်အထည် ၁၂၈ ထည်နှင့် ခြုံစောင် ၁၅၀ တို့ကို လည်းကောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ယမန်နေ့ နံနက်ပိုင်းက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

သတင်းစဉ်



## "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၉**

"ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၁ ရက်၊ (သောကြာနေ့) ညနေ ၅ နာရီမှ ည ၉ နာရီခန့်အထိ ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် မြန်မာနိုင်ငံဂီတ အစည်းအရုံး (ဗဟို)၏ စီစဉ်မှုဖြင့် ဂီတအနုပညာရှင်များ စုပေါင်း၍ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော် ၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ အယ်လ်ဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ဆိုင်စံ၊ ပိုပို၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ်တို့ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ MRTV NRC Channel၊ 5 Plus Channel၊ Skynet တိုင်းရင်းသား ရုပ်သံလိုင်း၊ HTV Farmers' Channel MRTV App၊ MRTV Radio Application နှင့် MRTV Social Media Online တို့မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည့်အပြင် MRTV –HD Channel ၊ Channel 7 နှင့် မြန်မာ့အသံ ရေဒီယိုတို့မှလည်း ယင်းနေ့ ည ၉ နာရီခန့်မှစပြီး Delay ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဆက်လက်၍ Fortune Channel ၊ Channel K ၊ YTV Channel နှင့် M Entertainment Channel တို့မှလည်း အောက်တိုဘာ ၁၂ ရက်တွင် Delay ပြန်လည် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ကလောမြို့၌ ယာယီခိုလှုံရေဘေးသင့် ကယ်ဆယ်ရေးစခန်းများ ပြန်လည်ပိတ်သိမ်း

**ကလော အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီး၊ ရေလျှံမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာ ၁၁ ရက်တွင် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများ ပြန်လည်ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ယခုအခါ ရေဘေးသင့်ပြည်သူများ ထားရှိသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းတို့တွင် သီတင်းကျွတ်ကာလ ဘုရားဖူးညေ့်သည်များ၊ ဘုရားကျောင်း ကန်တော့လာကြသူများပြားခြင်းတို့ကြောင့် ရေဘေးသင့်ယာယီခိုလှုံကယ်ဆယ်ရေးစခန်းတို့တွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါနှင့် အခြားရောဂါများ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအသီးသီးမှ အလှူရှင်များ လာရောက်လှူဒါန်းမှု အဆင်ပြေစေရေးအတွက် ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက်တွင် ပြန်လည်ထူထောင်ရေးကွပ်ကဲရေးရုံးကို ယာယီဖွင့်လှစ်ထားရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၁၀ - ၁၀ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၂၅၄ | ၂၁၈၄၄၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၈၂ | ၂၇၈၈၀၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၂၂ | ၁၉၃၆၀၀ |
| FPB | ၁၉၀၀ | ၁၈၅၀ | ၁၀၃ | ၁၉၅၆၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၇၂၂ | ၁၂၂၇၃၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၅၀ | ၁၈၀၀ | ၆၁၃၅၀၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၀ | ၀ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ တိုက်အမှတ် (၅၅၉)၊ အခန်းအမှတ် (A-4) (တတိယထပ်) (၄လွှာ)၊ အကျယ်အဝန်း (၂၀.၆ပေ × ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးစည်သူမြင့် (၇/ပမန (နိုင်) ၀၀၃၈၈၆) နှင့် ဒေါ်နော်သီတာရွှေစင်ဝင်း (၁၁/သတန (နိုင်) ၀၅၈၅၆၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လောပိတလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၆၃၃) အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်နန်းသိင်္ဂီမျိုး ၃/လဘန(နိုင်)၀၀၂၂၁၃ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်မင်းလတ် ၁၂/သကတ(နိုင်)၀၂၃၂၈၈ မှ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို လာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၂၉၁)၊အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးလှိုင်တင်ဦး ၁၂/တမန(နိုင်)၁၀၀၄၆၂ နှင့် ဒေါ်နန်းတင်မွေး ၁၀/သထန(နိုင်)၁၆၈၈၄၈ တို့နှစ်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းသိန်း(ခ)လော်ဝင်းသိန်း ၁၂/ဥကတ(နိုင်)၁၃၅၂၅၁ မှ အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက် မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း LL.B, D.I.L., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဘုရင့်နောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-A)၊ မြေကွက်အမှတ်(၆၄)၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ ဦးစိုင်းဆိုင်ဟန် ၁၃/တကန(နိုင်)၂၃၄၅၈၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ် အစဉ်အဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဆင့်ဆင့်အောင် ၁/မကန(နိုင်)၀၀၂၁၅၂ မှ အပေါင်အနှံ၊ အရှုပ်အရှင်း ကင်းရှင်း၍ ၄င်းတစ်ဦးတည်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း LL.B, D.I.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းမြို့ အုတ်စက်ရပ်ကွက်နေ (ဘ) ဦးစန်းလွင် ၏သား မောင်အောင်ဇော်ထက် ၅/စကန (နိုင်)၂၅၉၂၈၇ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MH744827) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၇၅၆၄၂၁၁၁၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/6941 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ဇေယျာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၉၇/ ရွာထောင်အရှေ့)၊ မြေကွက်အမှတ်(၄၉၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေသည် တိုးချဲ့ရပ်ကွက်နှင့်ပန်းခြံများ တည်ဆောက်ရေးလုပ်ငန်းဦးစီးအဖွဲ့ (စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၏ ၉-၁၂-၂၀၀၃ ရက်စွဲပါစာအမှတ် ၅/၄၀-၈/ဦး၆ ဖြင့် ဦးလင်းကြည် ၈/ခမန(နိုင်)၀၈၇၈၂၉ အမည်ဖြင့် အိမ်ကွက်မြေနေရာချထားပေးခဲ့ပြီးဖြစ်ပါသည်။ ဦးလင်းကြည်မှ ၂၈-၁၂-၂၀၂၃ ရက်တွင် စစ်ကိုင်းမြို့နယ်တရားရုံး၌ အဆိုပါမြေကွက်တွင် လွန်ခဲ့သော နှစ်(၂၀)ခန့်ကစ၍ လက်ရှိနေထိုင်လျက် ရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်ဆိုခဲ့၍ ၃-၃-၂၀၂၄ ရက်တွင် ဦးလင်းကြည် (ဘ) ဦးစိန်လှိုင် ၈/ခမန (နိုင်)၀၈၇၈၂၉ မှ ဦးသန်းညွန့်(ဘ) ဦးသိန်းအောင် ၅/စကန(နိုင်)၀၂၅၀၈၂ သို့ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့်ရောင်းချခဲ့၍ စစ်ကိုင်းမြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါဝယ်ယူ ပိုင်ဆိုင်သူ ဦးသန်းညွန့် အမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ် လျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ် (ပ-၁၀၀၂)ကို အမည်ပေါက် ဦးတင်ဝင်း (ဘ) ဦးမြသန်း ၁၃/ကလန(နိုင်)၀၂၆၂၁၀၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးနေမျိုးအောင် (ဘ) ဦးသိန်းကြည် ၁၄/ဓနဖ (နိုင်) ၀၅၀၉၄၁မှ ဦးဆန်းဝင်းနိုင် (ဘ) ဦးမြင့်အောင် ၉/မသန(နိုင်)၁၂၇၇၄၂နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၄၁၀/၂၀၂၀(၁၇-၈-၂၀၂၀)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူ မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများသိစေရန်

ကျွန်ုပ်အား လွှဲအပ်ထားသူဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်း မြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၈)လမ်း၊ အမှတ်(၁၄)တွင် နေထိုင်သော ဒေါ်ရင်ကြည်(ဘ) ဦးထွန်းလွင် ၁၂/ဥကတ(နိုင်)၀၆၁၄၀၂ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ရင်ကြည် နှင့် ဦးတင်အေးတို့ မပေါင်းသင်းမီ ဦးတင်အေးတွင် ပထမဇနီး ဒေါ်ညိုညိုအေးနှင့် ပေါင်းသင်းခဲ့ပြီးနောက် သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးတင်အေးနှင့်ဒေါ်ညိုညိုအေးတို့သည် စိတ်သဘော ထားချင်း မတိုက်ဆိုင်သဖြင့် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ကို ၁၅-၂-၁၉၈၂ ခုနှစ်တွင် ကွာရှင်းခဲ့ကြပြီး သားသမီး(၃)ဦးမှာလည်း မိခင် ဒေါ်ညိုညိုအေးနှင့် အတူ ပါသွားခဲ့ပါသည်။ ဦးတင်အေးသည် ဒေါ်ညိုညိုအေးနှင့်ကွာရှင်းပြီးနောက် ၁၅-၈-၁၉၈၁ ရက်တွင် ဒေါ်ရင်ကြည်နှင့် လှိုင်မြို့နယ် တရားရုံးတော်၌ လက်ထပ်မင်္ဂလာသစ္စာပြုဆိုချက်ကို ပြုလုပ်ခဲ့ကြပြီးနောက် ဦးတင်အေးနှင့် ဒေါ်ရင်ကြည်တို့တွင် သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဦးတင်အေးနှင့် ဒေါ်ရင်ကြည်တို့ နှစ်ဦးပေါင်းသင်း နေထိုင်စဉ် လက်ထပ်ပွားအဖြစ် အမှတ်(၁၄)၊ စံပြ(၈)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ (၂၅ပေx၅၀ပေ)အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်တွင် ဦးတင်အေးအမည်ပေါက် မြေကွက်ကို ပိုင်ဆိုင် ခဲ့ပါသည်။ ၂၄-၁၂-၂၀၁၃ ရက်တွင် ဦးတင်အေးနှင့် ဦးငွေမြင့်လှိုင်တို့ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် RC(၂)ခန်းတွဲ (၆)ထပ် အဆောက်အအုံဆောက်လုပ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီးနောက် ဦးတင်အေးသည် မြေညီထပ်မှ ပဉ္စမထပ်ထိ အခန်း (၆)ခန်း ပိုင်ဆိုင်လာခဲ့ပါသည်။ ဦးတင်အေးသည် အခန်း(၃)ခန်းအား ရောင်းချခဲ့ပြီးနောက် ၂၃-၈-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဦးတင်အေးကွယ်လွန်ပြီးနောက် တရားဝင်ဇနီးမယားအဖြစ် ဒေါ်ရင်ကြည် တစ်ဦးတည်းသာ ကျန်ရှိခဲ့ပါသည်။ ဦးတင်အေး ကွယ်လွန်သဖြင့် ဦးတင်အေး အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေနှင့် ကျန်ရှိနေသော အခန်း(၃)ခန်းအား ဒေါ်ရင်ကြည် တစ်ဦးတည်းမှ အမွေဆက်ခံ တရားဝင် လက်ရှိထား လက်ဝယ်ပိုင်ဆိုင်လျှက်ရှိပါသဖြင့် အဆိုပါအခန်း (၃)ခန်းအား မည်သည့်လူပုဂ္ဂိုလ်မှ သက်ဆိုင်ပိုင်ဆိုင်ခြင်းမရှိသလို ဒေါ်ရင်ကြည်မှ လည်း လွှဲပြောင်းထားခြင်း၊ အပေါင်အဖြစ်ထားရှိခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ စွန့်လွှတ်ထားခြင်း အလျဉ်းမရှိပါ ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ် ပါသည်။

**ဒေါ်ရင်ကြည်၏ လွှဲအပ်ချက်အရ -**
**ဒေါ်ရွှေရည်ထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၄၃၂၄)**
**ဖုန်း-၀၉-၇၉၅၀၂၈၁၁၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ကွင်း/အကွက်အမှတ် (RAI-ကွက်ပြင်)၊ ဦးပိုင်အမှတ် (၃၆-ဓ)၊ ဧရိယာ ၃ ဒသမ ၁၀ ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ ဦးပိုင်အမှတ် (၃၆-ကက)၊ ခဲစင်းပြ ဧရိယာ ၀ ဒသမ ၆၇ ဧက အကျယ်အဝန်းရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထား နိုင်ရေး ဦးကိုင်ဆွရ်အလီ (ဘ) ဦးအိုဘိုင်ဒွလ္လာ ၉/ကဆန(နိုင်)၀၈၂၁၆၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/ အကွက်အမှတ် ၄၅/မြမာလာရပ်၊ ဦးပိုင်အမှတ် (၆၈-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၆၃ ဧကရှိ မြေကွက်အား မြေငှား ဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နော်လေဒီယာ ၉/ မမန(နိုင်) ၀၂၁၃၅၅ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံ စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၉)၊ စောခွန်ရစ်လမ်း၊ မြေကွက်အမှတ် (၅၂၀)၊ မြေအမျိုးအစား (ပါမစ်)၊ မြေအကျယ်အဝန်း (၄၀ x ၆၀) ပေရှိသည့်အနက်မှ မြေအကျယ်အဝန်း (၂၅x၆၀) ပေ၊ လမ်းထောင့်ဘက်ခြမ်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးကို ပါမစ်အမည်ပေါက်သူ ဦးလှရွှေ(ခ) ဦးသန်းရွှေ (TKA-000664)၏ သားထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုရီ**
**၁၂/ဥကမ(နိုင်) ၀၅၆၇၆၆**
**အမှတ်(၇၃၆/က)၊ ပုဂံလမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်**
**ဖုန်း-၀၉-၅၁၈၄၆၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၉၉၂၄၄ Tvs DAZZ 110, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန (နိုင်)၀၂၃၂၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/4517 DongBen DB 125ZH (125CC), Three Wheel(Truck Body), M/C ယာဉ်လက်ဝယ်ရှိသူ Good Brothers' Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/56992 Thai Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprises Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၇၀၉၄၉ Canda Fa 125, M/C ယာဉ် လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သူဌေးလမ်း၊ အမှတ် (၁၂)၊ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၅ ပေ x ၆၀ ပေ)၊ တိုက်ခန်းတစ်ခန်းနှင့် ရေမီးအပါအဝင်အကျိုးခံစားခွင့်များကို ဝယ်ယူရန်အတွက် လက်ရှိတရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီနီရှိန် ၁၂/တမန(နိုင်)၀၆၁၇၇၄ ထံမှ ဒေါ်ခင်ဌေးကြည် ၁၀/မလမ(နိုင်)၀၄၀၇၄၇ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)**
**အမှတ် (၇)၊ မြေညီ (အေ)၊ ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တိုးချဲ့မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ် အ-၆၊ ဦးပိုင်အမှတ် ၅၆၊ ၆၇x၆၈ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၄၀၀/၁၉၉၁-၁၉၉၂) အရ ဒေါ်သောင်းသောင်းဌေး ၉/မနမ(နိုင်)၀၂၀၃၀၉ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်သောင်းသောင်းဌေး ၉/မနမ(နိုင်)၀၂၀၃၀၉ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ဝ-၉၊ ဦးပိုင်အမှတ် ၃၅၊ ၆၅x၆၇ကြား၊ ဝေဿလီလမ်းနှင့် သာယာဝတီမင်းကြီး လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၀၁၈/၉၀-၉၁)အရ ဦးသာကြည် TDU-၀၃၂၇၆၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်နေခြည်စိုးဝင်း ၅/စကန(နိုင်)၁၅၆၀၂၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ဓေ-၅၂၊ ဦးပိုင်အမှတ်(၅၇+၇၀) ၅၈x၅၉ကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးခိုင် ၉/မနမ(နိုင်)၀၀၇၀၁၁၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၈၅၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မျိုးသူ ၉/မထလ(နိုင်)၁၈၈၈၄၀က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေရေိယာ (၀.၀၅၅ဧက)ရှိ မြေကွက်အမှတ် (ပ-၃၃၅၄၉)ကို အမည်ပေါက် ဒေါ်စန်းထွေး (ဘ)ဦးညိမ်း ၈/မဘန(နိုင်)၀၁၆၅၀၂၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ထာပဲန်ကျူး (ဘ)ဦးထန်အုပ် ၅/ကလထ(နိုင်)၁၆၃၃၀၁မှ ဒေါ်ခင်သက်ဦး (ဘ)ဦးတင်ဝင်း ၉/ပဗသ(နိုင်)၀၂၃၁၂၃နှင့် မှတ်ပုံတင်အရောင်းအဝယ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၁၁၂၉/၂၀၂၂ (၂၂-၃-၂၀၂၂)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ်(၅၀)ဟု ခေါ်တွင်သော အကျယ်အဝန်း(၃၀ပေx၅၀ပေ)မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၄)ထပ်တိုက်၏ မြေညီ ထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၃ ၁/၂ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဝင်းမြင့်သူ (၁၂/မရက(နိုင်)၁၉၄၄၁၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဆလိုင်းဇုံလျှန်ဌေး (၄/ဖလန(နိုင်)၀၄၃၀၁၄)က အပြီးအပိုင်ဝယ်ယူရန်တိုက်ခန်းတန်ဖိုး၏တစ်စိတ်တစ်ဒေသ အား ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၂၀၃)**
**အမှတ်(၂၅)၊ ရွှေဥဒေါင်းလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၉၅၁၅၂၅၈၈၀၊ ၀၉-၆၈၈၀၃၁၁၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ အင်ကြင်းမြိုင်လမ်း၊ မြေကွက်အမှတ်(၃၁၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးကျော်အောင် (၁၂/သဃက(နိုင်)၁၀၁၀၂၃) အမည်ပေါက် ပါမစ် မြေကွက်အနက်မှ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဆန်းဝင်း (၈/နမန(နိုင်)၁၂၅၀၉၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)
Ph,09421746974

## ဖောင်းကြွပျောက်

ယာဉ်အမှတ် 6A/9773, Toyota Hilux ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(တောင်ကြီး)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2TLR-6747၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်မှန်အား အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးဝေဠုအောင် ၁၂/ရကန(နိုင်)၀၈၆၂၆၇ ကိုင်ဆောင်သူ၏ ယခင်ကွာရှင်းပြီး ဖြစ်သော ဇနီးဖြစ်သူ ၁၂/ရကန(နိုင်) ၀၈၅၅၆၀ ကိုင်ဆောင်သူ ဒေါ်ယမင်းနွယ်(ခ) ဒေါ်သန်းဝင်းနွယ်တို့သည် အမည် (၂)မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း၏ အမည်မှန်မှာ ဒေါ်သန်းဝင်းနွယ် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၈၊ ဦးပိုင်အမှတ် ၅၃၊ ၄၆x၄၇ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဒေါ်သင်းသင်းဦး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်လူကွေဆင်းက တရားပြိုင် ဒေါ်သင်းသင်းဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၇၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်လူကွေဆင်း ၁၃/လရန(နိုင်)၁၄၀၆၁၂က ဂရန်စာချုပ်၊ တရားရုံးအမိန့်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဗ-၃၊ ဦးပိုင်အမှတ် ၇၉၊ ၅၇x၅၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၃၉၆၃/၉၀-၉၁)အရ ဦးသောင်းနိုင် မှတ်ပုံတင် WMDY-၂၈၃၄၃၀ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးဆိုင်းအိုက်ဆာ ၁၃/နခန(နိုင်)၀၃၇၃၄၃မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၇၈၄၉၆, Honda Click, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၁၃/ကတန(နိုင်)၁၃၇၃၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ်(၁၁၀)၊ ၁၁၇x၁၁၈ကြား၊ ၆၇x၆၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းမေ ၉/စကတ(နိုင်)၀၂၀၆၁၅၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၄၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်လာ ၁၃/တယန(နိုင်)၀၂၁၁၅၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၇၄)၊ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် (၂၁၁၄)၊ [ဦးသက်လွင်(ခ)အန်ကူး ၁၂/ကတတ(နိုင်)၀၂၂၄၃၈ အမည်ပေါက်]၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၂၁၁၆)၊ [ ဦးသက်လွင်(ခ)အန်ကူး ၁၂/ကတတ(နိုင်) ၀၂၂၄၃၈အမည်ပေါက်] အကျယ်အဝန်း(၆၀ x ၆၀)ပေရှိ မြေချပါမစ်မြေကွက်တို့အား တရားဝင်ပိုင်ဆိုင်သူ Platinum December Estate Co.,Ltd၏ကိုယ်စား ဦးကျော်ကျော်နိုင် ၁၂/အလန (နိုင်) ၀၀၀၁၃၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသီဟဆိုင် ၁၄/ဓနဖ(နိုင်)၁၅၅၈၂၈ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့ နယ်၊ ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆, ၀၉-၉၇၃၀၀၂၁၁၇**

## အမည်မှန်

တန့်ယန်းမြို့၊ အမှတ် (၁) အထက KG-A တွင် ပညာသင်ကြားနေသော နန်းနုနုနွမ်း၏ အမည်မှန်မှာ နန်းလျှန်းဟွမ် ဖြစ်ပါကြောင်း။

## အမည်မှန်

မိုင်းယောင်းမြို့၊ အထက (မိုင်းယောင်း)တွင် အလယ်တန်းပြတာဝန် ထမ်းဆောင်နေသော ဒေါ်နန်းခင်ထွေး (၁၃/မယတ(နိုင်)၀၀၀၁၉၆)၏ အမည်မှန်မှာ ဒေါ်ခင်ထွေး ဖြစ်ပါကြောင်း။

**ဒေါ်ခင်ထွေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၄၇၂၆၆, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြီးရွှေ ၆/ရဖန(နိုင်)၀၀၇၆၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

သင့်အပေါ်၌ တရားလို ဒေါ်ဇာနည်အေးက "ယုံကြည်အပ်နှံငွေ (၂၄၄)သိန်းကျပ်နှင့် နစ်နာကြေးငွေ (၂၀၀)သိန်းကျပ် ၊ စုစုပေါင်း ငွေကျပ်(၄၄၄)သိန်း ပြန်လည်လည်ရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စုလှိုင်အေး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/97461 New Anbo–125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်နွယ် ၉/မဟမ(နိုင်) ၀၀၀၁၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/72888 Honda Wave 110, M/C ယာဉ်လက်ဝယ် ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ကွင်း/အကွက်အမှတ် (RAI ကွက်ပြင်)၊ ဦးပိုင်အမှတ် (၃၆-ဓ)၊ ဧရိယာ ၃ ဒသမ ၀၀ ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ ဦးပိုင်အမှတ် (၃၆-ကဃ)၊ ခဲစင်းပြဧရိယာ ၀ ဒသမ ၈၁ ဧက အကျယ်အဝန်းရှိမြေကွက်အားမြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ဝါဝါဝင်း (ဘ) ဦးဘမောင် ၉/အမဇ(နိုင်)၀၀၁၁၉၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ် (၁၆-အေ/ကြခတ်တော မြောက်အကွက်)၊ ဦးပိုင်အမှတ် (၃၀၁/၂/၁၃၃/၂)၊ ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိမြေကွက်သည် ဒေါ်မခင် အမည်ဖြင့် မြေခွန်ပြေစာ စည်းကြပ်ထားပါသည်။ ဒေါ်မခင် ၃/ဘအန(နိုင်)၂၂၀၀၈၂ က (၂၆-၉-၂၀၂၄) ရက်စွဲပါစာချုပ် အမှတ် (၇၁/၂၀၂၄) ဖြင့် ၎င်းပိုင်ဆိုင်ကြောင်း ကျမ်း ကျိန်လွှာ မှတ်ပုံတင်ထားပြီး လူနေထိုင်ရန် မြေငှားဂရန် (အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆိုကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ် (၅၃-အေ/မြို့သစ်(က))၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ ဒသမ ၁၂၀ ဧကရှိ မြေကွက်သည် ဦးခင်မောင်သန်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးခင်မောင်သန်းထံမှ မြေဧရိယာ ၀ ဒသမ ၁၂၀ ဧက အတွင်းမှ ဧရိယာ ၀ ဒသမ ၀၇၆ ဧကကို ဒေါ်နန်းမြင့်မြင့်ဝင်းက (၂၂-၅-၂၀၂၃) ရက်စွဲပါ စာချုပ်အမှတ် (၂၉/၂၀၂၃)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းမြင့်မြင့်ဝင်း ၃/ကကရ(နိုင်)၁၀၉၁၀၉၂ က ဧရိယာ ၀ ဒသမ ၀၇၆ ဧကအားလည်းကောင်း၊ ဦးခင်မောင်သန်း ၃/မဝတ(နိုင်)၀၀၂၀၀၅ က ကျန်မြေဧရိယာ ၀ ဒသမ ၀၄၄ ဧကအားလည်းကောင်း၊ ဦးပိုင်ခွဲစိတ်ခွင့်/ ခွဲစိတ်အမည် ပြောင်းဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူမည်သူမဆို ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၁၊ ဦးပိုင်အမှတ် ၅၈၊ ၅၁x၅၂ကြား၊ ၁၁၆x၁၁၇လမ်းကြားရှိမြေကွက်အား တောဂရန်အမှုတွဲအမှတ် (၁၄၈၈/၉၂-၉၃)အရ ဦးကျော်သိန်း PGN-၁၁၈၂၄၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-ကမှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးအောင်ချစ်ဟန် ၉/အမဇ(နိုင်)၀၁၃၆၅၄မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၂၊ ဦးပိုင်အမှတ် ၁၀/၅၂x၅၃ကြား၊ ၁၁၆လမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးဖုန်းကျော် (ခ) ဦးဘုန်းကျော် ၉/မရတ(နိုင်)၀၁၃၇၄၈ (၎င်း၏ SPရရှိသူ ဦးတင်မောင်ညွန့်)က ဂရန်မူရင်း၊ ငွေသွင်းပြေစာမူရင်း၊ မြေချထားမိန့် မူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေး ကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းထွန်း (ဘ) ဦးလှမြင့် ၅/စကန(နိုင်) ၁၉၂၆၇၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်သော ယာဉ်အမှတ်- 5C/ 9090 ယာဉ်အမျိုးအစား၊ Lexus–570 ၊ အနက်ရောင် မော်တော်ယာဉ်အား ဦးအောင်ဇော်ဇော် (ဘ) ဦးခင်ဇော် ၇/ရတန(နိုင်) ၀၆၆၀၂၇ က ၄-၉-၂၀၂၄ ရက် မှ စပြီး ခေတ္တငှားရမ်းသွားပြီးနောက် ယနေ့အချိန်ထိ ပြန်လည်ပေးအပ်ခြင်း မရှိသဖြင့် အထက်ဖော်ပြပါ ကားနှင့်စပ်လျဉ်းပြီး ဝယ်ယူရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ လက်ခံထားခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်နိုင်ပါရန်နှင့် တွေ့ရှိပါက ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးရဲမင်းထွန်း (ဘ) ဦးလှမြင့်** | **ဦးကျော်စွာထက် (LL.B)** |
| **၅/စကန(နိုင်) ၁၉၂၆၇၅** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၃၁၅၆၂၈၉** | **(စဉ် - ၁၆၇၂၄ /၂၁-၁၂-၂၀၂၀)** |
| | **အမှတ် (၂၉) ၊၆၂ (A) လမ်း ၊ ၂၉x၃၀ကြား** |
| | **ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့** |
| | **ဖုန်း-၀၉-၄၃၁၈၅၇၁၃၊ ၀၉-၇၉၈၈၈၉၀၇၉** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၁၆၄၈)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကကို အမည်ပေါက် ဦးစိုးတင့်(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်) ၁၀၃၉၂၄မှ ဒေါ်သီတာအောင် (ခ) MOLKYI NGW (ဘ) ဦးမျိုးအောင် ၉/မနမ (ဧည့်)၀၀၀၁၁၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှု အမှတ် ၂/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၅/၂၀၂၄ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၅/ရွှေမင်းဝန်)၊ ဦးပိုင်အမှတ်(၇၆/၁)၊ ဧရိယာ ၀ ဒသမ ၂၃၄ ဧကရှိ မြေကွက်သည် ဦးချစ်လှိုင် အမည်ဖြင့် လူနေအိမ်ရာအသုံးပြုရန် ၃(ခ)ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။ ဦးချစ်လှိုင်သည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရီရီဝင်းက မြဝတီ ခရိုင်တရားရုံး၏ ၂၈-၇-၂၀၂၂ ရက်စွဲပါ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၇၊ ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်(၇)ဖြင့် အမွေဆက်ခံသက်သေခံလက်မှတ်ရရှိခဲ့ပြီး ယခုအခါ ဒေါ်ရီရီဝင်း ၃/ဘအန(နိုင်) ၀၉၁၈၁၄ အမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/7763 BAJAJ– 200, 3 Wheel vehicle ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ပိုင်ငြိမ်း ၉/ပသတ(နိုင်)၁၁၅၇၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/90315 Yama Star 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်သန့် ၉/မရမ(နိုင်) ၀၀၀၆၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၁/၁)ရပ်ကွက်၊ ပုလဲရွှေဝါ(၄)လမ်း၊ အမှတ်-(၈၇၄)ဟုခေါ်တွင်သော (အလျား ၁၀ပေx အနံပေ၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးကြည်ခိုင် ၁၄/အဂပ (နိုင်)၀၂၆၉၀၅နှင့် ဒေါ်သီသီဝင်း ၁၄/ဖပန(နိုင်)၀၀၂၅၂၇ တို့မှ မိမိတို့သာ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်ဝင်း ၁၄/ဒဒရ(နိုင်)၁၁၅၈၁၇ မှ အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ဝင်း ၁၄/ဒဒရ(နိုင်)၁၁၅၈၁၇၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးဝင်းမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ(LL.B) (စဉ်-၈၁၅၂/၃-၄-၂၀၁၂)**
**အမှတ် - ၁/၅၄၊ မင်းရဲကျော်စွာလမ်း၊ ဝေဘာဂီမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉ - ၂၅၁၀၂၆၄၉၄၊ ၀၉-၆၉၄၄၁၆၅၆၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး ချောက်ခရိုင်၊ ချောက်မြို့နယ်၊ ချောက်မြို့ အမှတ်(၆)ရပ်ကွက် အောင်မြေရပ်နေ ဦးအောင်ခင်စိုး (ဘ)ဦးရွှေမြ ၈/ခမန (နိုင်)၀၁၁၇၀၇ နှင့် ဒေါ်အေးအေးဝင်း (ဘ)ဦးထွန်းရ ၈/ခမန(နိုင်)၀၁၁၃၀၇ တို့၏ သားဖြစ်သူ မောင်ဖြိုးမောင်မောင် (ဘ)ဦးအောင်ခင်စိုး ၈/ခမန (နိုင်)၁၂၆၀၈၅သည် မိဘနှင့် မောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများကိုရန်ပြုနေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် မောင်ဖြိုးမောင်မောင်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မိဘများ - ဦးအောင်ခင်စိုး - ဒေါ် အေးအေးဝင်း**
**အမှတ်(၆)ရပ်ကွက်၊ အောင်မြေရပ် ၊ ချောက်မြို့**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ပြောင်းခင်းကြီးပြင်ရွာနေ ဦးဌေး၏သမီး မချောနု ၅/ယမပ(နိုင်)၁၀၅၃၆၃ ၏ နိုင်ငံကူး လက်မှတ် နံပါတ် MG-425791 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၉၇၂၅၃၁၀၈၀

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ပြောင်းခင်းကြီးပြင်ရွာနေ ဦးဌေး၏သမီး မချောဝေ ၅/ယမပ (နိုင်) ၁၂၄၇၉၉ ၏ နိုင်ငံကူး လက်မှတ် နံပါတ် ME-173571 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၂၅၃၁၀၈၀

## Dr. ခင်ပပနိုင်

### အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၆၃)နေ (ဦးသိန်းနိုင်)-ဒေါ်ခင်သန်းကြည်တို့၏ ချစ်လှစွာသော သမီးကြီး၊ Dr.နေမျိုးနိုင်၊ Dr.တိုးနိုင်ထက်-Dr.ယမင်းနိုင်တို့၏ ချစ်လှစွာသောအစ်မ၊ မကြယ်စင်မျိုးနိုင်၊ မောင်သန့်တည်ကြည်တို့၏ ချစ်လှစွာသော ကြီးကြီး Dr.ခင်ပပနိုင် [Team Leader (Western Pacific Region), WHO]သည် ၉-၁၀-၂၀၂၄ ရက် ညနေ ၃:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် Grand Hantha အထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တရုတ်ဖုကျန့်သုသာန်(ရေဝေး)၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ကြည်း ၁၇၉၈၇ ဗိုလ်မှူးကြီးကြည်စိုး (ငြိမ်း)

တဇ ၁၀

### အသက်(၆၃)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီး ကြည်စိုး(ငြိမ်း) သည် ၈-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တဇ ၁၀ သူငယ်ချင်းမိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကြည်စိုး

### ဗိုလ်မှူးကြီး (ငြိမ်း)

### အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်မှ ဦးကြည်စိုး ဗိုလ်မှူးကြီး (အငြိမ်းစား)သည် ၈-၁၀-၂၀၂၄ ရက် နံနက် ၈ နာရီခန့်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာဘုံဘဝသို့ ရောက်ပါစေကြောင်း ဆုတောင်း မေတ္တာပို့ပါသည်။

M.Y Holding Co.,Ltd
မိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ (၁-H)၊အိုးစုရပ်၊ ဦးပိုင်အမှတ်(၂၅က)၊ ဧရိယာ (၀ဒသမ၀၃၄)ကေရှိ ဘိုးဘပိုင်မြေအား ဦးမင်းထွေးမှ အမည်ပြောင်း လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ဦးမင်းထွေး (ဖုန်း-၀၉-၄၀၀၄၂၄၂၅၃)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(၄၁၃/၂)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၈x၆၉ကြား၊ ၃၇xရေနီမြောင်း လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ်(၉၇၀/၉၂-၉၃)အရ ဒေါ်စန်းကြည် ၉/မရမ(နိုင်)၀၇၃၈၁၂၊ ဦးခင်မောင်ရင် AE-၂၁၅၁၁၆အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်နှင့် မြေကွက်၏ ငွေသွင်းပြေစာမူရင်းမှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဂရန်စာချုပ်၊ တရားရုံးကျမ်းကျိန်ချက်တို့တင်ပြ၍ ဦးအေးကိုမြင့် ၉/မရတ(နိုင်) ၀၆၇၅၈၆မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ကြည်ကြည်မြ ၁၂/ကမတ(နိုင်)၀၂၇၁၇၇မှ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် ၎င်းမိသားစုနှင့်အတူ အေးချမ်းတည်ငြိမ်းစွာ ကောင်းမွန်နေထိုင်လျက်ရှိသည်ကို တချို့သောလူများမှ ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီးကာ ဆက်သွယ်ရေးကွန်ရက်များ (Facebook Tik Tok Massenger Account)များကို အသုံးပြု၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်အသရေကျဆင်းအောင် ဖျက်ဆီးနေကြောင်းကို ကျွန်ုပ်၏မိတ်ဆွေမှ မြင်တွေ့ကြား သိနေပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်းမိသားစုများကို ထိခိုက်နစ်နာစေသော မမှန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းမှဖြစ်စေ၊ ပြောဆိုခြင်း၊ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုံ့ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်း/ဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့် အညီဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ကြည်ကြည်မြ | ဒေါ်ဥမ္မာဦး |
| ၁၂/ကမတ(နိုင်)၀၂၇၁၇၇ | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်(၁၀)၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး၊ |
| | ဖုန်း-၀၉-၄၂၅၃၁၁၄၂၇၊ ၀၉-၇၉၅၅၅၉၄၉၁ |

## ကန့်ကွက်နိုင်ပါကြောင်း

ရောတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်း အမှတ်(၈၉၉-N)၊ ငါးသိုင်းချောင်းကွင်း၊ ဦးပိုင်အမှတ် (၂၁၈)၊ ဧရိယာ(၀.၁၂၇)ကေရှိ မြို့မြေအား ဦးမြင့်လှိုင်အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးမြင့်လှိုင်
၁၄/ရကန(နိုင်)၁၀၀၀၈၆
စိန်မြလမ်း၊ အောင်ဆန်းရပ်ကွက်၊
ငါးသိုင်းချောင်းမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်းအမှတ်(၁-ခ) တောင်ပိုင်းကွင်း၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀.၀၅၂)ကေရှိ မြို့မြေအား ဦးလှမျိုးနိုင်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ သဖြင့် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း သက်ဆိုင်ရာ ဌာနရုံးသို့ ပိုင်ဆိုင်မှု အထောက်အထားနှင့် တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

ဦးလှမျိုးနိုင်
၁၂/ဥကမ(နိုင်)၁၇၃၉၈၇
စိန်မြလမ်း၊ အောင်ဆန်းရပ်ကွက်
ငါးသိုင်းချောင်းမြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )

### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀၂

| | | |
|---|---|---|
| ဦးမြင့်အောင် | နှင့် | ဦးသိန်းသန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းတင်တင်) |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (အ-၆)၊ ဦးပိုင်အမှတ် (၇၀)၊ (ဂ)ရပ်ကွက်နေ ဦးသိန်းသန်း (ဘ)ဦးဉာဏ်ထွန်း၊ ၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းတင်တင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဦးသိန်းသန်း(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်နန်းတင်တင်)သင့်အပေါ်၌ တရားလို ဦးမြင့်အောင်က ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်မှတ်(ပပ-၅၅)၊ ဦးပိုင်အမှတ် (၅၃)၊ ဧရိယာ(၀.၀၆၂)ကေရှိ ဦးသိန်းသန်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့်လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်၊ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးနိုင်ချမ်း)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာအမှတ် (၃)ရပ်ကွက်နေထိုင် သော မောင်သီဟကိုနှင့် မောင်ရှင်းသန့်နိုင်တို့၏မိခင်၊ ဦးအောင်နိုင် ၅/မရန (နိုင်) ၂၂၇၉၈၄၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းမာ ၅/မရန(နိုင်)၂၂၈၀၆၅ နှင့် ဒေါ်စုသန္တာလှိုင် ၅/မရန(နိုင်)၂၂၈၀၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၆၅၀၇, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးနိုင်ဦး ၆/ထဝန(နိုင်) ၁၃၆၄၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၇၅၃၂၂, Super ANBO 1110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်မြင့် ၇/မညန(နိုင်) ၀၇၉၅၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၆/ရွှေပေါက်ကံ )၊ တောင်ငူလမ်းနှင့်အလောင်းဘုရားလမ်းထောင့်၊ မြေကွက်အမှတ်(၁၇၁)၊ အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်ယုယု (၁၂/ရကန(နိုင်)၀၁၆၉၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ဦး (၇/ဖမန(နိုင်)၁၁၁၃၂၈) ကဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သ.က.မ-၁၂)၊ လူနေရပ်ကွက် အမှတ်(၁၁)၊ ခိုင်ရွှေဝါလမ်း၊ မြေကွက် အမှတ်(၂၂၃-က)၊ အကျယ်အဝန်း(အလျား ၂၀ပေ x အနံ ၆၀ ပေ)၊ (၁၂၀၀စတုရန်းပေ) (၀ဒသမ၀၂၇၅ ဧက)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်မှာ ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးသာဉာဏ် ၁၂/တမန(နိုင်) ၀၄၂၇၉၇အမည်ပေါက် ပိုင်ဆိုင် ပြီး ယခုအခါ ဦးသာဉာဏ်သည် (၃-၉-၂၀၂၄)ရက်တွင် ကွယ်လွန်သွားခဲ့သည့် အတွက် အထက်ဖော်ပြပါ မြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်ကြူ ၁၂/တမန(နိုင်) ၀၅၄၂၇သာလျှင် တစ်ဦးတည်းသော အမွေဆက်ခံသူ ဇနီးအဖြစ် ကျန်ရှိခဲ့ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာ ဦးသာဉာဏ်၏ တစ်ဦးတည်းသော အမွေဆက်ခံသူ ဇနီးအဖြစ် စီမံခန့်ခွဲခွင့်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ အထက်ပါမြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ဂရန်အ မည်ပြောင်းလဲခြင်း၊ကျူးကျော်ဝင်ရောက်၍ အဆောက်အအုံဆောက်လုပ်ခြင်း များ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ကြူ၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) | အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀) |

အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၇၂၀၉၈၉၂

## အမည်မှန်

တောင်ကြီးမြို့၊ အထက (၄) Grade-12(B)မှ မောင်စတီဖဲန်အယ်လ်၏ အမည်မှန်မှာ မောင်စတီဖဲန်အဲလ်း ဖြစ်ပါကြောင်း။

## ဖခင်အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (အောက်မအူတုံး)၊ (G-12)မှ မလှိုင်ဝတီကျော်၏ ဖခင်အမည်မှန်မှာ ဦးသန်းအေး ၁၄/မမက(နိုင်)၀၅၈၃၃၈ ဖြစ်ပါကြောင်း။

ဦးသန်းအေး

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၁၅)စီ၊ စာတိုက်ရပ်၊ ဦးပိုင်အမှတ်(၁၀)ခ၊ မြေဧရိယာ(၀ဒသမ၁၇၆)ကေရှိ မြေကွက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအမည်ဖြင့် ပဲခူးခရိုင်၊ မြို့မြေအမှုအမှတ် ၂၇၁/ငါး/၉၇-၉၈ အရ လိုင်စင်ရရှိထားသည့် မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်၏ လိုင်စင်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် သက်တမ်းတိုးလိုင်စင်ကတ်အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် ပဲခူးမြို့နယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

ဦးမင်းဇော်သောင်း
၇/ပခန(နိုင်)၁၈၅၄၈၂

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၄၄၂) နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်သွင်ဦး (၁၂/ကတန(နိုင်)၀၆၆၆၀၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၈၊ ကျန်စစ် သား(၂)လမ်း၊ မြေကွက်အမှတ်- ၁၈၀ ဟုခေါ်တွင်သော ဦးတင်အောင် အမည်ပေါက် (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိ ပါမစ်မြေကွက်အနက် (ခေါင်းရင်းဘက်ခြမ်း)ဖြစ်သော (အလျား ၂၀ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ မြေကွက်၏မူရင်းပိုင်ရှင်ဖြစ်သူ ဒေါ်မိုးမိုးရည် (၁၂/ဒဂရ(နိုင်)၀၁၉၀၀၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သွင်ဦးက လွန်ခဲ့သော (၁၄-၁-၂၀၂၀)ရက်က နှစ်ဦးသဘောတူ မြေကွက်အရောင်း အဝယ်ကတိစာချုပ် ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဦးအောင်သွင်ဦး၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကျူးကျော်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အကျိုးဖျက်ဆီးခြင်းတို့ကို မပြုလုပ်ရန် အသိပေး အကြောင်းကြားအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းဝင်းနွယ် (B.A (ECO) H.G.P) အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)
အမှတ်- ၁၂၈/က ၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂) ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉-၉၅၃၈၀၇၄၄၉

# ဦးတင်အောင်(Geophysicist)

## အသက်(၈၁)နှစ်

(ဦးသိန်း-ဒေါ်ရင်မေ)တို့၏သား၊ Warrington, UK နေ ဒေါက်တာ ဒေါ်ခင်လှရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းနွဲ့၊ ဦးစိန်ဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်နှင်းနှင်းအောင်-Dr.Jan Dehin၊ ဒေါ်ထွေးထွေးအောင်၊ ဦးဇော်ဝင်းအောင်-ဒေါ်ထိပ်ထားလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ရန်ဝင်းအောင်၏ချစ်လှစွာသော ဘိုးဘိုး၊ ဦးတင်အောင်(Geophysicist) အသက်(၈၁)နှစ်သည် ၅-၁၀-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ ၁:၁၅နာရီတွင် Royal Liverpool University Hospital, Liverpool ,UK တွင်ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်နီနီ (ခ) ဒေါ်ခင်လှဝင်း

## အသက်(၇၈) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်တပ်မြေ နွယ်နီလမ်းနေ (ဦးဘဝင်း-ဒေါ်လှညွန့်)တို့၏သမီး၊ (ဦးလှထူး-ဒေါ်တင်အေး) တို့၏ချွေးမ၊ (ဦးကျော်မြင့်) မန်နေဂျာ/ မြန်မာ့သစ်လုပ်ငန်း၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းဦး - ဒေါ်လှရင်)၊ (ဦးစိန်လှိုင်-ဒေါ်တင်နွယ်)၊ (ဦးမြင့်သိန်း)-ဒေါ်ခင်သန်းကြွယ်၊ (ဦးကျော်ထွန်း-ဒေါ်မြမြ) တို့၏ညီမ၊ (ပန်းချီမောင်မောင်သိုက် - ဒေါ်ခင်မာဝင်း) တို့၏ အစ်မ၊ ဦးမိုးကျော်သူ-ဒေါ်သီသီမြင့်၊ ဒေါက်တာထွန်းနေအောင်-ဒေါ်ခင်ဝါဝါကျော်၊ (ဦးစိုးကျော်သူ-ဒီဇိုင်းစည်သူ) - ဒေါ်ငွေစိုး၊ ဦးကျော်ဇေယျ - ဒေါ်ကလျာဉာဏ်ဝင်း၊ ဒေါက်တာရဲသီဟကျော် - ဒေါက်တာယုဝါတင် တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာထွန်းထွန်းနိုင် - ဒေါ်မိုးမြင့်စန္ဒီ၊ ဦးလင်းသူအောင် - ဒေါ်ယမင်းစန္ဒီ၊ မောင်ရဲစည်သူကျော်၊ မောင်ပြည့်မှူးအောင်၊ မဟေမာန်ဇေယျ၊ မမှူးသဥ္ဇာအောင်၊ မောင်စိုင်းဟိန်းစည်သူ၊ မမိုးမာန်ဇေယျ၊ မောင်ဖြိုးသုခကျော် တို့၏ချစ်လှစွာသောအဘွား၊ မသုရွှန်းဟေသီထွန်း၊ မသုရွှန်းဝတီထွန်း၊ မသုရွှန်းပုဏ္ဏမီထွန်း၊ မခီယွန်းနဒီ တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် (၈.၁၀.၂၀၂၄) အင်္ဂါနေ့ည (၉:၃၁) မိနစ်တွင် အခန်း ၂၀၃၊ တိုက် (A)၊ Time Link Condo၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ် နေအိမ်၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သောရုပ်ကလာပ်အား (၁၀.၁၀.၂၀၂၄) ရက်နေ့ မွန်းလွဲ( ၂:၃၀ ) အချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညိုးငယ်သော စိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးတောက်ထွန်း(ခ)ဦးတင်အေး(ခ)Micky Kyaw

## Managing Director (Kyei Sin Arr Mann Co.,Ltd)

## အသက် (၇၈) နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးမောင်ကျော်(ရေ)-ဒေါ်ခင်လတ်)တို့၏သား၊ (ဒေါ်ချိုချို)၊ ဒေါ်စုလတ်စန္ဒီမောင်တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲရင့်ထွန်း-Mrs.Mika၊ ဦးကောင်းမြတ်ထွန်း-ဒေါ်မိုးပန်းပါ၊ ဦးဇေယျာမင်း-ဒေါ်စုမာထွန်း၊ မကြွယ်စင်နန္ဒာထွန်း၊ မောင်အားမာန်မောင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေး(၆)ယောက်တို့၏အဘိုးဖြစ်သူသည် (၇-၁၀-၂၀၂၄)ရက် (တနင်္လာနေ့) ည(၉:၁၉) နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့်ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၉-၁၀-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၅:၃၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ (၁၃-၁၀-၂၀၂၄)ရက် တနင်္ဂနွေနေ့ နံနက် (၇:၀၀)နာရီမှ (၁၁:၀၀)နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှအတမ်းပေးဝေလိုပါ၍ J-1101 ၊ ရွှေမိုးကောင်းကွန်ဒို၊ မိုးကောင်း၊ ကျောက်ကုန်းနေအိမ်သို့ "ရက်လည်ဆွမ်းကျွေးတရားတော်နာ" ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ သဇင်ရပ်ကွက်၊ နယ်မြေ(၅)၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ် (၃၆)၊ မော်တော်ယာဉ်ရပ်၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ (၀.၁၈၈)၊ နံကပ်တိုက် (၂)ထပ် ရေမီးစုံအပါအဝင် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေငှားဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးဇမ်ရှင်းထန် (၅/ကလထ(နိုင်) ၀၂၉၈၁၂)က ၄င်းတရားဝင်နေထိုင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါအိမ်ဝင်းမြေ၏ နေထိုင်သုံးစွဲခွင့် အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော် လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒွန်စန်းကိမ်( L.L.B) တရားလွှတ်တော်ရှေ့နေ စဉ်( ၁၈၄၇၆/၂၀၂၃)**
**အမှတ်(၆၀/၆၂) ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့ နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-402582302**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/20284, Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၅/ကလထ(နိုင်) ၁၃၇၁၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/38549, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၄/ကခန(နိုင်)၀၃၇၇၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/58022, ZHINENG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလေးလွင် ၁၄/ပသန(နိုင်)၂၈၁၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်အဝင်း (စစ်တွေ)

## အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်အောင်မင်္ဂလာရပ်ကွက်၊ တိုက် (A-3)၊ အခန်း (007, 107) ဗညားဒလလမ်းနေ (ဦးစိန်ထွန်းဦး-ဒေါ်မဲရီ)တို့၏သမီးကြီး၊ (ဦးစံရွှေဖြူ-ဒေါ်စောမေ)၊ ဦးရွှေထွန်းမောင်တို့၏ အစ်မကြီး၊ (ဒေါ်ညိုညိုသိန်း) ဒု- ဦးစီးမှူး (ငါးလုပ်ငန်းဦးစီးဌာန)၊ ဦးအေးထွန်းသိန်း-ဒေါ်တင်တင်အေး၊ ဦးအေးထွန်းဖြူ၊ ဒေါ်မြသိန်းတို့၏အဒေါ်၊ မောင်နွေငြိမ်းလင်း၊ မောင်မိုးသစ်ငြိမ်းတို့၏ ချစ်လှစွာသောအဘွားဖြစ်သူ ဒေါ်အဝင်းသည် ၈-၁၀-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် ကြေညာခြင်း

အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်ကြီး(၈၄)၊ အိမ်အမှတ်(၆)၊ ဂရန်အမှတ်(၁၆၅/၉၂)၊ ဦးဉာဏ်ဝင်းအမည်ပေါက် မြေကွက်အား ဦးစိုးဝင်း ၁၃/တကန(နိုင်) ၁၅၃၂၁၆မှ အဆင့်ဆင့်(အရပ်ကတိ)စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဉာဏ်ဝင်း အမည်ပေါက် ဂရန်မူရင်းမှာပျောက်ဆုံးသွားခဲ့ပြီး အဆိုပါမြေကွက်နှင့် ပတ်သက်၍ အမည်ပြောင်းလျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပေါင်နှံရောင်းချခြင်းများ မပြုလုပ်ပါရန်နှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခိုင်ခိုင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၈၇)(၁၀-၈-၂၀၁၇)**
**မ/၂၃၆၊ နမ(၆/ခ)၊ အကွက်ကြီး(၉)၊ အေးသာယာမြို့၊**
**ဖုန်း-၀၉-၄၂၃၇၀၈၇၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၅၁၂)၊ အလျား(၄၀)ပေxအနံ(၆၀)ပေ ဒေါ်ပါးပါးအမည်ပေါက် မြေချပါမစ်(မူရင်း)၊ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီးအပြည့်အစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြတ်သီရိနွယ်(၁၂/သလန(နိုင်) ၁၁၇၈၈၁)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကိုပေးချေထားရှိပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူမည်သူမဆိုကန့် ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးငြိမ်းသူ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၂၃၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၉၆၆၈၇၄၈၆ဝ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၂)၊ နယ်မြေ(၁)၊ အကွက် အမှတ်(၃၉)၊ ဦးပိုင်အမှတ်(၇၉)၊ ဦးစောလှိုင် အမည်ပေါက်နှစ်(၃၀) မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ဒေလီယာဇွန် ၉/မကန(နိုင်) ၁၁၃၈၅၉**
**(ဖုန်း-၀၉-၄၄၀၇၈၀၆၉၇)**

## မိခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ မိုင်းသော် အရှေ့အုပ်စု၊ အထက (တောင်နီ) Grade-11(A) မှ မနန်းသဲကလျာဦး ၏ မိခင်အမည်မှန်မှာ ဒေါ်နန်းဝင်းတင် ၁၃/တကန (နိုင်) ၂၀၆၆၃၅ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

နမ့်စန်မြို့၊ ရပ်ကွက်(၁)နေ ဦးအုန်းမြင့်၏သမီး မသင်းသင်းဦး ၁၃/ နစန(နိုင်)၀၇၁၁၉၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-926231) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၆၉၆၂၄၇၇၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၀၊ ဦးပိုင်အမှတ် ၁၉-ခ ခဲစင်းအရှေ့ခြမ်း၊ ၁၁လမ်း၊ ၈၀x၈၁ လမ်းကြားရှိ လိုင်စင်ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ငွေ ၉/မနမ(နိုင်) ၀၂၉၂၇၈၊ AE-၂၃၇၇၅၀၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၇၆၉၆/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်မြင့်ဦး ၉/အမဇ(နိုင်)၀၁၅၈၁၀၀က ဦးပိုင်ခွဲမိန့်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတောက်ထွန်း(ခ)ဦးတင်အေး (ခ) Micky Kyaw

## အသက်(၇၈)နှစ်

Kyei Sin Arr Mann Co.,Ltd ၏ Managing Director ဦးတောက်ထွန်းသည် ၇-၁၀-၂၀၂၄ရက်(တနင်္လာနေ့) ည ၉:၁၉ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်**
**ရန်ကင်းကလေးဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမျိုးဆွေ

## မုဒုံမြို့

## အသက်(၇၄)နှစ်

သူငယ်ချင်း ဦးအောင်မျိုးဦး-ဒေါ်သန္တာကျော် တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမျိုးဆွေ အသက်(၇၄)နှစ်သည် (၉-၁၀-၂၀၂၄)ရက် နံနက် ၂နာရီတွင် မုဒုံမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှသူငယ်ချင်းများ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/87001 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၄) ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၂)ဟုခေါ်တွင်သော (အလျား ၄၀ပေ x အနံ ၆၀ ပေ)ကို ဒေါ်ခင်ခင်မြက အမည်ပေါက်ကာ ပိုင်ဆိုင်ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များ ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်အေးသီတာကျော် ၁၂/စခန(နိုင်) ၀၅၅၇၃၃ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၈၀/၁၀)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၂/E)၊ပထမထပ်၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၀၅၃၃၂၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၄)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၉၂/ခ)နေ ဦးမြင့်နိုင် ၁၂/မရက(နိုင်) ၀၃၂၀၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်နိုင် ၁၂/မရက(နိုင်) ၀၃၂၀၁၃၏ သားဖြစ်သူ မောင်ထွန်းလင်းနိုင် ၁၂/ရပသ(နိုင်)၀၆၀၉၀၄နှင့် ချွေးမဖြစ်သူ မမေသူဇော် ၁၄/ဟသတ(နိုင်) ၃၄၉၈၉၅ တို့သည် ဖခင် ဦးမြင့်နိုင် ၁၂/မရက(နိုင်) ၀၃၂၀၁၃နှင့် မိခင် ဒေါ်ညွန့်ညွန့်မြင့် တို့အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေကာ မိခင်၊ ဖခင်များပိုင်ဆိုင်သောအိမ်၌ နေထိုင်ပြီး မိခင်၊ ဖခင်များကိုပင် ပမာမခန့် မလေးမစားပြုလုပ်ကာ ကျူးလွန်စော်ကားလာပါသဖြင့် ၎င်းတို့လင်မယားနှစ်ဦးအား ဖခင် ဦးမြင့်နိုင်နှင့် မိခင် ဒေါ်ညွန့်ညွန့်မြင့်တို့မှ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ထွန်းလင်းနိုင်-မမေသူဇော်တို့ ဇနီးမောင်နှံနှင့် ပတ်သက်သည့် ကိစ္စအဝဝအား ယနေ့မှစ၍ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်နိုင် ၁၂/မရက(နိုင်) ၀၃၂၀၁၃၏ လွှဲအပ်ညွှန် ကြားချက်အရ-**
**ဒေါ်မြင့်သန္တာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၉၉)**
**ပွဲစားတန်းလမ်း၊ ထိန်နှစ်ပင်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၃၉၆၇၉၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ (၁/၁၁) ရပ်ကွက်၊ ဗိုလ်တိုက်ချွန်းလမ်း၊ အမှတ် - ၃၅၆၊ အလျား x အနံ (၄၀ x ၆၀) ပေအကျယ်အဝန်းရှိ ဦးသိန်းနွဲ့ (O/RGN-၀၀၅၉၈၂) အမည်ဖြင့် ချထားပေးသည့် ပါမစ်မြေ အမျိုးအစား ခြံမြေကွက်အတွင်းရှိ အလျားxအနံ (၁၀x၆၀)ပေ (ခေါင်းရင်းအစွန်ဆုံး) ခြံမြေကွက်နှင့် တစ်ထပ်လူနေအိမ် အပါအဝင်တို့အား ဒေါ်လှလှမော် (၁၂/လသယ(နိုင်)၀၂၂၀၈၁)မှ ၎င်းပိုင်ဆိုင်နေထိုင်လျှက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး အိမ်ခြံမြေ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံ လင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၂၉)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၇၈၆၀၂၃၉၃၀**

❖ **နိုင်ငံတစ်နိုင်ငံ၏ အင်အားသည် ပညာပေါ်တွင် အခြေခံ . . .**

❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏ အနာဂတ်များဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

# တရားမဝင်ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်

## သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက်တားဆီးစစ်ဆေးအရေးယူကြရန်လို

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ◆

### ၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၄ ခုနှစ် (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၃နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ မှစတင်ပြီး MRTV-HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MWD-HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports Channel နှင့် Channel LIGHTတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံ ရေဒီယိုနှင့် MRTV APP အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ယနေ့ သတင်းအညွှန်း

**ကွန်ဂိုနိုင်ငံ၌ ယခုနှစ်တွင် နေရပ်စွန့်ခွာသူ တစ်သန်းနီးပါးရှိလာ**
နိုင်ငံတကာသတင်း စာ ၁၃

**နိုင်ငံတစ်ဝန်း အကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေးအကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးဟု ခေတ်သစ်သတင်းဌာနက မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြ**
ပြည်တွင်းသတင်း စာ ၁၄